နောင်လိုင်ကျေးရွာ

လွိုင်လင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောင်လိုင်ကျေးရွာ၊ လွိုင်လင်မြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

နောင်လိုင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ လွိုင်လင်မြို့နယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၇

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က)` တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု- လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(စျ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၄

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၅

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၆

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၇
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၆
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၈
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ ၃၀
(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ
ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု
(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယာဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၃
ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၇
ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ကိုးကားစာရင်း ၇၁

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၂
စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသောမွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျေးရွာတွင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်လုပ်ဆောင်ဖူးခဲ့ကြသော်လည်း ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများကို တွင်ကျယ်စွာသုံးစွဲလုပ်ဆောင်ခြင်း နည်းပါးနေပါသေးသည်။ အားလုံးပူးပေါင်းပါဝင်ပြီး ကျေးရွာစီမံကိန်းများရေးဆွဲခြင်းနည်းလမ်းကိုအသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေးနွေး အဖြေရှာတတ်လာစေရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် မတူပီမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက စီမံကိန်းရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုစီစဉ်ပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွဲဖက်လုပ်ဆောင်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမ ကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှ လည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင် ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်ကို နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်များဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ် အဆင့် အစိုးရဌာနများနှင့် အထက်အဆင့်တာဝန်ရှိသူအစိုးရအဖွဲ့များ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက် အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ(၃၀) ရက်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နောင်လိုင်ကျေးရွာ
လွိုင်လင်မြို့နယ်

နောင်လိုင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊



ရည်ညွှန်း - နောင်လိုင်ကျေးရွာ၊ လွိုင်လင်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၅ ခုနှစ် ၇-၉၊စက်တင်ဘာလ၊ ၂၀၁၅)

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

နောင်လိုင်ကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်အတွင်း တည်ရှိပြီး၊ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၇ မိနစ် မှ ၂၀ ဒီဂရီ ၅၉ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၂၂ မိနစ်မှ ၉၇ ဒီဂရီ ၃၈ မိနစ် အတွင်းတည်ရှိပါသည်။ နောင်လိုင်ကျေးရွာသည် ပင်လုံ၊ လဲချားကားလမ်းဘေးတွင်တည်ရှိ၍ ရွာတွင်းသို့ (၁) မိုင်အရှည် မြေနီလမ်းမှ ဝင်ရောက်ရပါသည်။ လွိုင်လင်မြို့မှ (၁၈) မိုင်ကွာဝေးပြီး ၊ ပင်လုံနှင့် (၁၂) မိုင်အကွာ ပင်လယ်ရေမျက်နှာပြင် အထက်အမြင့်ပေ (၄၄၄၇) ပေတွင်တည်ရှိ၍ မြေမျက်နှာသွင်ပြင်မှာ တောင်ကုန်းချိုင့်ဝှမ်း များပြားပါသည်။ မြေပြန့်လွင်ပြင်ဟူ၍ မရှိသလောက်ရှားပါးပါသည်။ ရာသီဥတုမှာ စွတ်စိုသော မုတ်သုန်ရာသီဥတုဖြစ်သည်။ အမြင့်ဆုံးအပူချိန် (၂၆) ဒီဂရီ စင်တီဂရိတ် နှင့် အနိမ့်ဆုံးအပူချိန်မှာ (-၆) ဒီဂရီ စင်တီဂရိတ် ဖြစ်ပါသည်။ မိုးရွာသွန်းမှုအနေဖြင့် မိုးရေချိန် (၅၃.၄၃) လက်မရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ကျွန်ုပ်တို့ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကမှီခိုသောကျေးရွာဖြစ်၍ လယ်မြေ ၁၄၄ ဧက၊ ယာမြေ ၇၄ ဧက နှင့် အိမ်ခြံဝန်း စိုက်ခင်းမြေများ ပိုင်ဆိုင်ပါသည်။စိုက်ပျိုးမြေများမှာ သွင်းရေရရှိနိုင်သောအရင်းအမြစ်မရှိဘဲ မိုးရေကိုသာ အားကိုးစိုက်ပျိုးရသည်။ အာလူးမျိုးထုတ်လုပ်ရန် ၁၀ ဧက ခန့်အတွက်သာ လုံလောက်သော စိမ့်စမ်းရေထွက်တစ်ခုရှိပါသည်။ ကျေးရွာတဝိုက်တွင် ဒေသတွင်းအသုံးပြုသည့် အုတ်လုပ်ရာတွင်အသုံးပြုသော သဲနှင့် ကျောက်များလည်းထွက်ပါသည်။

ကျေးရွာကျောက်မီးသွေးထွက်ရှိပါသည်။ သို့သော်၄င်းကိုကုမ္ပဏီမှ လုပ်ကိုင်ဆောင်ရွက်ပါသည်။ အခြားဓါတ်သတ္တုများမထွက်ရှိပါ။ အခြားသဘာဝအရင်းအမြစ်များအနေဖြင့် တိရစ္ဆာန်မျိုးစိတ်များအသင့်အတင့်တွေ့ရှိရပါသည်။ သဘာဝပေါက်ပင်များမှာ ထင်းရှူးပင်များပေါက်ရောက်၍ ရပ်မိရပ်ဖများမှ ထိန်းသိမ်းစောင့်ရှောက်ကြပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

နောင်လိုင်ကျေးရွာတွင် မိသားစု (၁၅၂) စုရှိပြီး လူဦးရေ စုစုပေါင်း (၇၃၇) ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်စုလျှင် (၄-၅) ဦးအထိရှိပါသည်။ အသက် (၁၅) နှစ်မှ (၆၀) နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၆၄%) ဦးရှိပြီး ၊ (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၀) နှစ်အထက် လူဦးရေ (၃၆%) ဦးသည် မှီခိုသူများ ဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာမိသားစုများ၏ အဓိကဝင်ငွေရလုပ်ငန်းများမှာ စပါး၊ ပြောင်း၊ ဂျုံး စသည်တို့စိုက်ပျိုးပါ သည်။ ကျေးရွာမိသားစုများ၏ဥစ္စာဓနအဆင့်ကို ကျေးရွာသူရွာသားများကိုယ်တိုင်သတ်

မှတ်သည်မှာ အိမ်ထောင်စု (၁၅၂) စု၏ ၁၁% ခန့်သည် မြေယာမဲ့များ၊ ကျပန်းအလုပ်သမားများဖြစ်ကြပြီး၊ (၆၃%) သည် လယ်(၁-၂) ဧကကြား ပိုင်ဆိုင်၍၊ လယ်ပိုင်ဆိုင်သူ စုစုပေါင်း၏ (၂၀%)မှာ (၃-၅) ဧကအထိပိုင်ဆိုင်ကြ၍ (၅%) ခန့်မှာ လယ် (၅-၇) ဧက ကြားပိုင်ဆိုင်ကြပါသည်။ ကျေးရွာအနေအထားအရ လယ်မြေများပိုင်ဆိုင်သော်လည်း ထွန်ယက်စိုက်ပျိုးရန် စိတ်ပါဝင်စားခြင်း မရှိသည်ကို တွေ့ရှိရပါသည်။အခြားသီးနှံများစိုက်ပျိုးရန်လည်း စိတ်ဝင်စားမှု မရှိကြပါ။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဆင်းရဲအဆင့်နှင့် အလွန်ဆင်းရဲအဆင့်မိသားစု (၃၀) စုတို့၏ဝမ်းစာဖူလုံမှုကို စစ်တမ်းကောက်ယူကြည့်ရာ (၂၃.၃%) သောမိသားစုများသည် သုံးလအောက်သာဝမ်းစာကို မချောမငှားဘဲစားသောက်နိုင်ပြီး၊ (၂၆.၇%) သောအိမ်ထောင်စုများမှာ သုံးလမှငါးလအထိ ဖူလုံပြီး (၅၀%) သောမိသားစုများမှာ ခြောက်လမှတစ်ဆယ့်နှစ်လအထိ ဖူလုံပါသည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျေးရွာအတွင်းတွင်တုတ်ကွေး၊ နှာစေးချောင်းဆိုးခြင်းများကို မိုးဦးကျရာသီများနှင့် ဆောင်းရာသီများတွင် အဖြစ်များသည်ကိုတွေ့ရှိရပါသည်။ တခြားရောဂါများအဖြစ် သွေးတိုး၊ ဆီးချိုရောဂါများတချို့ ဖြစ်ပွားသည်ကိုလည်း တွေ့ရှိရပါသည်။ တခြားကြီးမားသောရောဂါများဖြစ်ပွားသည်ကိုမတွေ့ရပေ။ ကျန်းမာရေးပြဿနာကြီးကြီးမားမား မရှိသော်လည်း တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာစားသုံးရေး၊ အရက်သေစာသောက်သုံးခြင်း၏ အန္တရာယ်စသည်တို့ဆိုင်ရာ အခြေခံကျန်းမာရေးအသိများ တိုးပွားရန်လိုအပ်မည်ဟု ကျေးရွာလူထု၏ နေထိုင်မှုပုံစံများကို လေ့လာခြင်းဖြင့် သိရပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာတွင်လုံးဝစာမတတ်သူဦးရေမှာ ကျေးရွာလူဦးရေ၏ ၂၇.၈% ရှိပြီး စာမတတ်သူဦးရေမှာ အမျိုးသမီးကပို၍များပါသည်။ မူလတန်းပညာပြီးဆုံးအောင်သင်ယူမှု ၂၆.၈ % ရှိပြီး အလယ်တန်းပညာပြီးဆုံးသည့် ရာခိုင်နှုန်းမှာလည်း ၈.၃% ရှိသည်ကိုတွေ့ရပါသည်။ အမျိုးသားအများစုမှာ ဘုန်းကြီးကျောင်းပညာရေးသာ တတ်မြောက်ကြပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင်းအဖွဲ့အစည်းအသီးသီးတွင် အမျိုးသမီးပါဝင်မှုမရှိပါ။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အမျိုးသမီးများမှာအမျိုးသားများနှင့် တန်းတူလယ်ယာအလုပ်ကို လုပ်ကိုင်ကြပါသည်။

(ဌ) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာအထောက်အကူ ပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

နောင်လိုင်ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့ ၊ လူငယ်အဖွဲ့၊ လူငယ်အကအဖွဲ့၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဆရာအသင်း၊ ကျောင်းရံပုံငွေအဖွဲ့ နှင့် ကျေးရွာရံပုံငွေ အဖွဲ့အစရှိသဖြင့် ဖွဲ့စည်းထားကြပါသည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ-

ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ ပြောင်း ၊ ဂျုံး တို့ဖြစ်ပါသည်။ နောင်လိုင် ကျေးရွာတွင်လယ်စပါးစိုက်ပျိုးသူ (၆၈) အိမ်ရှိပြီးစိုက်ပျိုးဧက ၁၀၀ ခန့်ရှိနိုင်ပါသည်။ ပင်လုံဘက်မှ စီးဆင်းလာသော ပွန်ချောင်းရေနှင့် မိုးရေကိုသာအဓိကအားထားပြီး စိုက်ပျိုးကြပါသည်။ အဓိကစိုက်ပျိုးသီးနှံများထုတ်လုပ်မှုတွင် ဈေးကွက်မတည်ငြိမ်မှုမှာ စိုက်ပျိုးသူများအတွက် ပြဿနာတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက်အပြင် အခြားနှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရန်၊ ဟင်းသီးဟင်းရွက်ထွက်ကုန်များကို ကုန်ကြမ်းရောင်ချရုံမဟုတ်ဘဲ ကုန်ချောထုတ်လုပ်နိုင်ရန်အထ ိဆောင်ရွက်ရန်လိုအပ်ပါသည်။ ဈေးကွက်လိုအပ်ချက်အရ တန်ဖိုးမြှင့်ရောင်းချနိုင်သော အော်ဂဲနစ်ထုတ်ကုန်များထုတ်လုပ်နိုင်ရန်လည်း လိုအပ်ပါသည်။ သီးနှံထုတ်ကုန်များကို ပြည်တွင်းဈေးကွက်သာထုတ်လုပ်ရောင်းချသည့်စနစ်မှ ပြည်ပဈေးကွက်အထိ ကျယ်ပြန့်စွာတင်ပို့ရောင်းချနိုင်လျှင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် ကျေးရွာဖွံ့ဖြိုးလာနိုင်ပါသည်။

ကျွဲ၊ နွား၊ ဝက်စသည်တို့ကို ဝင်ငွေရလုပ်ငန်းအဖြစ်ဆောင်ရွက်ရန် စားကျက်နှင့် တိရစ္ဆာန်အစာရရှိနိုင်မှု၊ ရာသီဥတုအခြေအနေပေးမှု စသည့်အခြေအနေကောင်းများရှိပါသည်။ သို့သော် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို ဝင်ငွေရလုပ်ငန်းအဖြစ်ဆောင်ရွက်မှု မရှိသလောက်နည်းပါ သည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာသူရွာသားအနည်းငယ်သာ လက်သမား၊ ပန်းရံလုပ်ငန်း စသည်များကို ဆောင်ရွက်လျက်ရှိပြီး အခြားဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နေမှု မရှိသလောက်နည်းပါသည်။ လုပ်ငန်းလုပ်ကိုင်ရန် အခွင့်အလမ်းမရှိ၍ဖြစ်ပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာအနီးတဝိုက်တွင်သစ်တောများရှိပြီး လျှပ်စစ်မီးမရရှိခင်အချိန်အထိ ကျေးရွာမှ ထင်းအဖြစ်ခုတ်ယူခြင်း၊ ထင်းရောင်းချခြင်း၊ ထုံးဖုတ်ခြင်းများပြုလုပ်ခဲ့ရာ သစ်တောမှာအတော်အသင့်ပြုန်းတီးနေပြီဖြစ်သည်။ UNDP မှ သစ်တောထိန်းသိမ်းရေးစီမံကိန်း ဝင်ရောက်စဉ်က သစ်တော (၇၅) ဧကစိုက်ပျိုးခဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများရရှိခဲ့သော်လည်း လျှပ်စစ်မီးရရှိသည့် ၂၀၁၁ ခုနှစ်နောက်ပိုင်းမှသာ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများအား ဆောင်ရွက်လာခဲ့ပါသည်။ လက်ရှိတွင် ကျေးရွာပိုင်သစ်တော (၂၈၇) ဧက ရှိနေပြီဖြစ်သည်။ ယူကလစ်ပင်၊

အော်ရစ်ရှားပင်တို့ကို အဓိကစိုက်ပျိုးပါသည်။ ၎င်းသစ်တောမှ ကျွဲ၊ နွားအတွက် စားကျက်မြက်များ ပေါများစွာရရှိနိုင်ပါသည်။ သစ်တောအတွင်း ကျားမျိုးစိတ်များရှိပြီး ကျားသစ်ကောင်ရေ (၁၀) ကောင်ကျော်ရှိပြီး သားပေါက်ကောင်ရေ (၇) ကောင်ခန့်ရှိပါသည်။ ငှက်မျိုးစုံတွေ့ရှိရပြီး ယုန်၊ သမင်၊ ဒရယ်များလည်း နေထိုင်ကြကာကျေးရွာမှ ၎င်းတိရစ္ဆာန် များ မျိုးတုံးမသွားစေရန် ထိန်းသိမ်းထား လျက်ရှိပါသည်။

(ငါ) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ၂၀၁၄ ခုနှစ်မှစ၍ ပုံစံ (၇) ရှိသောတောင်သူများ အတွက်သာ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်းကြောင့် ကျေးရွာရှိတောင်သူများမှာချေး ငွေမရရှိတော့ပေ။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူများ၏ အဓိကချေးငွေရရှိသော အဖွဲ့အစည်းဖြစ်၍ သီးနှံအလိုက်ချေးငွေများ၊ လယ်လုပ်စက်ကိရိယာနှင့် ခိုင်းကျွဲများဝယ်ယူရန် ကာလတိုချေးငွေများအား အချိန်မီဖြည့်ဆည်းပေးခြင်း၊ မိုးရာသီ ၊ ဆောင်းရာသီသီးနှံများ ထုတ်လုပ် မှုဘဏ်ချေးငွေအား တောင်သူလယ်သမားများသို့ အချိန်မီထုတ်ချေးနိုင်မည်ဆိုပါက ဈေးကွက်ဝင် သီးနှံများ စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ဈေးကောင်းရရှိနိုင်သည်အထိ သိုလှောင်ထားနိုင်မည်ဖြစ်ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

နောင်လိုင်ကျေးရွာ၌ ယခုအချိန်အထိ စာမတတ်သူများပြားပါသည်။ မူလတန်းကျောင်းနေ အရွယ်ကလေးမှာ ကျား (၂၂) ဦး၊ မ (၄၃) ဦးရှိရာ ယောကျ်ားလေး (၉) ဦးသာ တက်ရောက်ပြီး ကျန် ကလေးများမှာ ကိုရင်ဝတ်ကြပါသည်။ ကျောင်းနေအရွယ်မိန်းကလေးတိုင်း ကျောင်းတက်ရောက်ကြ ပါသည်။ မိန်းကလေးများသည် မူလတန်းပညာပြီးဆုံးသည်အထိသာ တက်ရောက်ကြသည်။ ယောကျ်ားလေးများမှာ ဒုတိယတန်းအထိသာပညာသင်ကြားကြပြီး ကိုရင်ဝတ်ကာ ဘုန်းကြီး ကျောင်းပညာရေးသာ သင်ကြားကြသည်။ ကျေးရွာတွင် လက်ရှိကျောင်းတက်ရောက်နေသည်မှာ အလယ်တန်း (၆) ဦး၊ အထက်တန်း (၁) ဦးနှင့် တက္ကသိုလ်တက်ရောက်သူ (၂) ဦးသာ ရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းကို ပင်လုံမြို့နှင့် လွိုင်လင်မြို့များတွင် ဘော်ဒါဆောင်သွားထား ရခြင်း၊ အသိမိတ်ဆွေများအိမ်တွင်နေ၍ ကျောင်းတက်ရောက်ရခြင်းတို့ကြောင့် ငွေကြေးအခက် အခဲရှိခြင်း၊ အချိန်ပိုကုန်ခြင်းတို့ကြောင့် မိဘများမှာ ကျောင်းဆက်လက် မထားနိုင်ကြပေ။

ကျေးလက် ကျန်းမာရေးဌာနခွဲရှိပြီး ကြီးကြပ်-၂ တစ်ဦး နှင့် သားဖွားဆရာမ (၁) ဦးရှိပါ သည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် (၁) နှစ်အောက် ကလေးကာကွယ်ဆေးများ လစဉ်ထိုးနှံပေးပါသည်။ သို့သော် ကျန်းမာရေးအသိပညာ ဗဟုသုတအလွန်နည်းပါးပါသည်။

သဘာဝရေထွက် (၂) ခုရှိပြီး ရွာမှ (၁) မိုင်ခန့်ဝေးသော ရွာ၏အရှေ့ဘက်ချောင်းရေနှင့် ရွာ၏ အနောက်မြောက်ဖက် မက်ခမ်ဝမ်းရေထွက်မှရေကို သွားရောက်ခပ်ယူသုံးစွဲကြရပါသည်။ မိုးရာသီနှင့် ဆောင်းရာသီတွင် လုံလောက်စွာရရှိသော်လည်း နွေရာသီတွင်လုံလောက်မှုမရှိပါ။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ရှမ်းဝတ်စုံ၊ ရိုးရာဓလေ့အကကို အလေးအနက် တန်ဖိုးထားကြပါသည်။ လူငယ်ရိုးရာယဉ်ကျေးမှုအကအဖွဲ့ရှိပါသည်။ ၄င်းအဖွဲ့မှာတခါတရံပင်လုံမြို့သို့ သွားရောက်ကပြဖျော်ဖြေပေးရပါသည်။ အခြားကျေးရွာများမှ အကူအညီတောင်းခံ၍ လာရောက်ဌားရမ်းလျှင်လည်း သွားရောက်ကူညီဧည့်ခံဖျော်ဖြေပေး၍ အဖွဲ့ဝင် (၂၀) ဦးခန့် ရှိပါသည်။ ၄င်းအဖွဲ့မှာ ခေတ်အဆက်ဆက်ကတည်းကရှိလာခဲ့ပြီး ယခုအချိန်အထိ ထိန်းသိမ်းထားရှိပါသည်။ လူငယ်အများစု ကျေးရွာတွင်မရှိကြပါ။ ဒေသအနေအထားအရ ထိုင်းနိုင်ငံသို့သွားရောက် အလုပ်လုပ်ကိုင်ကြရပါသည်။ မူလတန်းပညာအား ၂ တန်း ၃ တန်းသာ တက်ရောက် ကြပြီး မူလတန်းအရွယ်ဖြင့် အောက်မြန်မာပြည် စာသင်တိုက်သို့ သာသနာပြု သွားရောက်ကြ ပါသည်။ ကျန်ရှိ လူငယ်များအနေဖြင့် အားကစားနှင့်ပတ်သက်၍ ဘောလုံးကန်ခြင်း၊ ခြင်းခတ်ခြင်း တို့ကို ညနေခင်း အချိန်များတွင် ပြုလုပ်ကြပါသည်။ လူငယ်များအင်တာနက် ဆက်သွယ်ရေးကို မသုံးစွဲနိုင်ကြပါ။ တယ်လီဖုန်းလိုင်းမှာ အားနည်းသောကြောင့်ဖြစ်ပါသည်။

(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ပင်လုံ-လဲချားကားလမ်းမကြီးမှ ကျေးရွာအတွင်းသို့ဝင်ရောက်ရသော လမ်း(၂) လမ်းရှိပါသည်။ ရွာပတ်လမ်းမှာ ကျေးရွာတည်ကတည်းကရှိနေခဲ့ပြီး မြေသားလမ်း ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်တွင် ကျေးရွာအုပ်စုအနေနှင့် သက်ဆိုင်ရာဌာနသို့ အဆိုပြုလွှာတင်ထားပြီးဖြစ်ပါသည်။ နိုင်ငံပိုင်ဓါတ်အားလိုင်းနှင့် (၁၂) မိုင်ဝေးသောကြောင့် အဆင်ပြေမှုမရှိသေးပါ။ယခုအခါ ပင်လုံ-လဲချား အရှေ့ခြမ်းရွာ (၅) ရွာမှ လျှပ်စစ်မီးသွယ်တန်းရန် စီစဉ်မှုများရှိ နေပြီဖြစ်ပါသည်။ နောင်လိုင်ကျေးရွာမှာ ပင်လုံ-လဲချားလမ်း၏ အနောက်ခြမ်းတွင် တည်ရှိသော ကျေးရွာဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် ကျေးလက်ဦးစီးဌာနမှ ဆိုလာမီး (၁၄၀) ချထားပေးရန် လျာထားပြီး အောက်တိုဘာလတွင် ရရှိမည်ဟု ခန့်မှန်းထားပါသည်။ယခုအခါ ကျေးရွာအတွင်းရှိ အိမ်ထောင်စု အများစုမှာ ဆိုလာမီးကိုအသုံးပြုကြပြီး တချို့မှာ ဘက်ထရီ၊ ဖယောင်းတိုင် မီးများကို အသုံးပြုလျက် ရှိပါသည်။

ကျေးရွာတွင် တယ်လီဖုန်းဆက်သွယ်ရေး ကွန်ယက်အနေဖြင့် CDMA ဖုန်းလိုင်းကို သုံးစွဲနိုင်ပြီဖြစ်ပါသည်။ အိမ်အနည်းစုမှာ တီဗွီများရှိ၍ သတင်းစာနှင့် ဂျာနယ်ရောက်ရှိမှုမှာ နည်းပါးသေး၍ ပင်လုံနှင့်လဲချားမှတစ်ဆင့် ဂယ်ယူဖတ်ရှုနိုင်ကြသော်လည်း ရှမ်းစာနှင့် ရေးသားထားသော ဂျာနယ်များကိုသာ တချို့ ဖတ်ကြပါသည်။ စာပေလေ့လာမှု အားနည်းနေသေးပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာအတွင်းတွင် မှုခင်းဖြစ်ပွားမှုကြိုးကြီးမားမား မရှိပါ။ ကျေးရွာအတွင်း ရဲစခန်းမရှိပါ။ ရာဇဝတ်မှုများမရှိသလောက်ဖြစ်ပြီး၊ ဖြစ်ပွားပါကလည်း လွှိုင်လင်ရဲစခန်းသို့ ဆက်သွယ်ကြပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

သီးနှံစိုက်ပျိုးရေးအတွက် ကောင်းမွန်သော မိုးရွာသွန်းမှုပုံစံရှိခြင်း၊ သီးနှံစုံဖြစ်ထွန်းနိုင်သော အပူချိန် စသည့် ရာသီဥတုအခြေအနေကောင်းများရှိခြင်းကြောင့် ဈေးကွက်ဝင်သီးနှံစုံ (ဥပမာ – စက်မှုသီးနှံ၊ သစ်သီးပင်များ၊ ဟင်းသီးဟင်းရွက်များ စသည်) စိုက်ပျိုးထုတ်လုပ်နိုင်သော အလားအလာကောင်းများရှိပါသည်။ ဒေသ၏အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် မြန်မာပြည်တစ်ဝှမ်းစားသုံးရန် ဟင်းသီးဟင်းရွက်သစ်သီး ဝလံထုတ်လုပ်ခြင်းဖြစ်သည့်အတွက် သီးနှံရောင်းဝယ်ဖောက်ကားမှုဈေးကွက်လည်းရှိပြီးဖြစ်ပါသည်။ ထို့အပြင် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများရရှိရန်ခက်ခဲမှုမရှိသောဒေသတွင် တည်ရှိသည့်ကျေးရွာဖြစ်ပါသည်။ ကျေးရွာသူရွာသားများမှာလည်း ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်ခဲ့သော လုပ်ငန်းဖြစ်သည့်အလျောက် သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို ကျွမ်းကျင်ကြပါသည်။

ကျေးရွာပတ်ဝန်းကျင်တွင် ကုန်းမြင့်ယာမြေနှင့် ဥယျာဉ်ခြံများစိုက်ပျိုးနိုင်မည့် မြေသယံဇာတများရှိခြင်း၊ စားကျက်မြေအဖြစ် အသုံးပြုနိုင်သည့် သဘာဝသစ်တောမြေများရှိခြင်းကြောင့် သီးနှံထုတ်လုပ်ရေးနှင့် တိရစ္ဆာန်မွေးမြူရေးတို့ တိုးတက်လုပ်ကိုင်ရန် အခြေအနေကောင်းများပင်ဖြစ်ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွင်းတွင် တည်ရှိသည့်ကျေးရွာဖြစ်သည့်အတွက် ဒေသအနေအထားအရ ကျယ်ပြန့်သောဈေးကွက်သို့ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကောင်းများအား လက်လှမ်းမီမှုကောင်းမွန်ပါသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

သီးနှံစုံစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားတစ်ခုမှာ စိုက်ပျိုးရေ ရရှိရေးပင်ဖြစ်သည်။ ကျေးရွာစိုက်ခင်းများအား လက်ရှိတွင် မိုးကောင်းသောက်အဖြစ် စိုက်ပျိုးလျက်ရှိပါသည်။ ရာသီဥတုပြောင်းလဲမှုအရ မိုးခေါင်မှုများကြုံတွေ့လာရခြင်း၊ တစ်နှစ်ပတ်လုံး သီးနှံများများစိုက်ပျိုးနိုင်ရေးတို့အတွက် စိုက်ပျိုးရေရရှိရေး အစီအစဉ်များ ရှာဖွေဖော်ထုတ်ရန်လိုအပ်ပါမည်။

ဟင်းသီးဟင်းရွက်သီးနှံများ ရိတ်သိမ်းချိန် အခြားကျေးရွာ၊ အခြားဒေသများရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်သည့်နှစ်များတွင် ဈေးကွက်ကျဆင်းမှုများနှင့် ကြုံရလေ့ရှိပါသည်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသီးနှံများမှာ ပုတ်လွယ်ပျက်လွယ်သည့် ပစ္စည်းများဖြစ်သည့်အလျောက် ကြာရှည်သိုလှောင်ရန် အခက်ခဲရှိပါသည်။ စုပေါင်း၍သိုလှောင်သိမ်းဆည်းစနစ်များ လက်လှမ်းမီရေး၊ ကြာရှည်အထားခံသည့် ကုန်ချောထုတ်လုပ်နိုင်ရေးတို့မှာ စိန်ခေါ်မှုပင်ဖြစ်ပါသည်။

တောင်သူငယ်များအတွက် သီးနှံစိုက်ပျိုးစရိတ်၊ တိရစ္ဆာန်မွေးမြူစရိတ်၊ အသေးစားလုပ်ငန်းငယ်များ တည်ထောင်လည်ပတ်စရိတ်တို့အတွက် သင့်တော်သော ငွေကြေးဝန်ဆောင်မှုမရရှိခြင်းမှာလည်း ကျေးရွာလူထု ဖွံ့ဖြိုးရေးအတွက် အဟန့်အတားဖြစ်ပါသည်။

ဒေသတွင်းဌာနဆိုင်ရာများက ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များဖြင့် လာရောက်ကူညီဆောင်ရွက်နေသော်လည်း ကျေးရွာလူထု၏ လိုအပ်ချက်အား ထိရောက်စွာဖြည့်ဆီးနိုင်မည့် အစီအစဉ်မျိုးရရှိရန်လိုအပ်လျက်ရှိပါသည်။

(၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင် နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ကျေးရွာသားများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက် များချမှတ်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သောအဖွဲ့နှင့်တိုင်ပင်ပြီး အောက်ပါရည်မှန်းချက်များကို ချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ကျေးရွာတွင် သီးနှံထုတ်လုပ်ခြင်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ၊ အခြားဝင်ငွေရလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာပြီး ကျေးရွာမိသားစုများ၏ ဝင်ငွေတိုးတက်လာရေး၊

(၂) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အဦးများဖွံ့ဖြိုးတိုးတက်သော ကျေးရွာ ဖြစ်လာရေး၊

(၃) ရေရှည်တည်ဖွံ့ဖြိုးရေးအတွက် သဘာဝပတ်ဝန်းကျင်ကောင်းများ ပိုင်ဆိုင်သောကျေးရွာဖြစ်လာစေရေး၊

(ခ) နည်းဗျူဟာ

(၁) အထက်ပါ ပန်းတိုင်များသို့ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ဆက်သွယ်၍ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအား ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှ နည်းပညာ၊ ငွေကြေးစသည့်အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိအခြားအဖွဲ့၊ ကော်မတီများဖြင့်လည်းညှိနှိုင်း၍ တာဝန်များကို ခွဲဝေအပ်နှင်းဆောင်ရွက်မည်။

(၂) ဒေသရာသီဥတုနှင့်ကိုက်ညီသည်. စိုက်ပျိုးနိုင်သော နှစ်ရှည်သီးပင်များဖြစ်သည့် သံပုရာ၊ ကော်ဖီ၊ ထောပတ်၊ သစ်မွေး၊ မက်မန်းကဲ့သို့သောသီးပင်များကို စိုက်ပျိုးလုပ်ဆောင်ရာတွင် မျိုးကောင်းမျိုးသန့်များရရှိ၍ တစ်ဧကအထွက်နှုန်းတိုးတက်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍမှ လက်ရှိထုတ်လုပ်နေသည့်ကုန်ကြမ်းများကို ကုန်ချောအဆင့်သို့ မြှင့်တင်နိုင်ရန် နည်းပညာနှင့် ဗဟုသုတများကိုရယူနိုင်ရန် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။

စျေးကွက်လိုအပ်ချက်ဖြစ်သော တန်ဖိုးမြင့်အော်ဂဲနစ်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည်အထိ နည်းပညာများရရှိရေး သွင်းအားစုများရရှိရေးကို အစိုးရဌာနဆိုင်ရာနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။

(၃) ထို့အပြင် ကျွဲ၊ နွားတိရိစ္ဆာန် တိုးပွားလာစေရန် ရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

(၄) ကျေးရွာလူထုအတွက် လုပ်ငန်းအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာရေးအတွက် သီးနှံနှင့် မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ရောင်းချရေးဆိုင်ရာ အသေးစားလုပ်ငန်းများ တည်ထောင်ခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများစသည်တို့လုပ်ကိုင်နိုင်ရန် ကျေးရွာလူထုအတွက် စွမ်းရည်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းရရှိအောင် မြို့နယ်ဌာနဆိုင်ရာများသို့ တင်ပြတောင်းဆိုမည်။

(၅) သက်ဆိုင်ရာဌာနများ၏အကူအညီကိုရယူ၍ ကျေးရွာလူငယ်များ၏ ကျောင်းပညာရေးနှင့် အသက်မွေးဝမ်းကြောင်းပညာများ တိုးတက်လာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုတိုးတက်ရေးတို့အတွက် ရေရှည်စီမံချက်များကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားသက်ဆိုင်ရာကော်မတီတို့ ပူးပေါင်းရေးဆွဲအကောင်အထည်ဖော်ပါမည်။

(၆) မြေဆီလွှာထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ရှိသဘာဝပေါက်ပင်နှင့် သစ်တောများ ပြုန်းတီးမှု လျော့ချရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏အကူအညီယူ၍ အမြင်ဖွင့်သင်တန်းများရယူခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းတို့ဆောင်ရွက်မည်။

(ဂ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရဤအခန်းကိုပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများက ကျွန်ုတို့ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သောအကူအညီများတောင်းခံနိုင်ရန် ဆက်သွယ်ရမည့် နိုင်ငံတော်အဆင့်မှ

သည် ဒေသဆိုင်ရာအဆင့်ထိ အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(ခ) နည်းပညာအကူအညီပေးရေးဝန်ဆောင်မှုလုပ်ငန်းများ

ကျေးရွာလူထုသည် သီးနှံတိုးတက်ထုတ်လုပ်မှုကဏ္ဍတွင် ဈေးကွက်ဝင်နှစ်ရှည်သီးနှံစိုက်ပျိုးရေး၊ ဟင်းသီးဟင်းရွက်သီးနှံစုံစိုက်ပျိုးရေး၊ ယင်းသီးနှံများအား သမားရိုးကျမဟုတ်ဘဲ အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေး၊ စိုက်ပျိုးသောသီးနှံများအားထုတ်ပိုးမှု၊ သိုလှောင်သိမ်းဆည်းမှုဆိုင်ရာ အသုံးပြုမှုနည်းပညာနှင့် နည်းစနစ်များ၊ ဖော်ပြပါထုတ်ကုန်များအား ကုန်ချောထုတ်လုပ်မှုဆိုင်ရာနည်းပညာများစသည်တို့အား တတ်ကျွမ်းနားလည်ရေးနှင့် အသုံးချနိုင်ရေးအတွက် နည်းပညာဝန်ဆောင်မှုများလိုအပ်ပါမည်။ အလားတူပင်မွေးမြူရေးကဏ္ဍတွင် တိရစ္ဆာန်ရောဂါကာကွယ်ကုသရေး၊ ခြံလှောင်တစ်နိုင်တစ်ပိုင် မွေးမြူရေးစနစ်ဖြင့် မွေးမြူနည်းများ၊ ခရီးသွားလာရေးဆိုင်ရာဝန်ဆောင်မှုများနှင့်ဆက်စပ်သည့် ကျွမ်းကျင်မှုဆိုင်ရာနည်းပညာများလည်း လိုအပ်ပါမည်။ မြို့နယ်အဆင့်ရှိ အဖွဲ့အစည်းများအနေဖြင့် ဖော်ပြပါကိစ္စများအတွက် ကျေးရွာလူထု၏လိုအပ်ချက်များအား ထိထိရောက်ရောက် ကူညီပံ့ပိုးနိုင်မည့် အစီအစဉ်များလိုအပ်ပါမည်။

(ဂ) ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရန် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများတိုးတက်ရေး

မြို့နယ်အဆင့်တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးမှုသာ ကျေးရွာထုတ်ကုန်နှင့် ဝန်ဆောင်မှုများအတွက် ကုန်စည်စီးဆင်းမှုများ ကောင်းမွန်မည်ဖြစ်ပါသည်။ ထို့ကြောင့် သီးနှံထုတ်လုပ်ရေးနှင့် မွေးမြူရေးလုပ်ငန်းသုံးသွင်းအားစုများ ရောင်းဝယ်ဖောက်ကားရေး၊ ထုတ်ကုန်များသိုလှောင်ရေး၊ ရောင်းဝယ်ဖောက်ကားရေးတို့အတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဖွံ့ဖြိုးရန် အခြေအနေကောင်းများဖန်တီးနိုင်မည့် မူဝါဒများလိုအပ်ပါမည်။

(ဃ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက်လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

(ဈ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်းငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါမည်။

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ်ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီးလုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသောသဘာဝဘေး အန္တရာယ်သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များအား ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအားပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန်ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ငါးနှစ်တာအတွက် ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင်နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်** ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည်ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သောစီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည်စီမံချက်များ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) လူသားချင်း စာနာမှု အထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင်ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသားအုပ်စု (၄) စုထဲမှ (၁၀) ဦးကဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အ စည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
စိုက်ပျိုးရေးကဏ္ဍ			
နည်းပညာ သင်တန်း	စိုက်ပျိုးရေးဆိုင်ရာနည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး။	• မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး နည်းပညာ သင်တန်း • စပါးအထွက်တိုးနည်းပညာ သင်တန်း (ပိုးမွှား နှင့် ရောဂါ) • စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှုရရှိရန် အစိုးရဌာနသို့ တင်ပြခြင်း • အရင်းအနှီး မျိုးကောင်းနှစ်ရှည်ပင် (ထောပတ်၊သရက်၊ လိမ္မော်) • လက်တွန်းထွန်စက်အသေးမျိုးကောင်းမျိုးသန့်(မျိုးစေ့)	•
ပညာရေး			
ကလေးပညာရေး ဖွံ့ဖြိုးရေး	ကျေးရွာ၏ ပညာတတ်မြောက်မှု တိုးတက်ရေး။	• မိဘဆရာအသင်း၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့ တို့မှဦးဆောင်၍ ကျေးရွာမှ ငွေကြေးကောက်ခံရန်။ • မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန်။ • ပညာရေး ကော်မတီဖွဲ့စည်းပြီးအောင်နှိုး မြင့်မားရေးလုပ်ဆောင်ရန်။ • ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း(၁၂၀x၃၀x၁၂) • ကျောင်းပရိဘောဂ • ကျောင်းအိမ်သာ၂ခန်းတွဲ (၂)လုံး • ကျောင်းဝန်ထမ်းအိမ်ယာ(၂)လုံး • စာကြည့်တိုက်အတွက်စာအုပ်	•

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး			
လျှပ်စစ်မီးရရှိရေး	ကျေးရွာလျှပ်စစ်မီးရရှိရေးအတွက်အစိုးရ ဌာနနှင့်ချိတ်ဆက် အဆိုပြုတောင်းခံရေး။	• ကျေးရွာမီးလင်းရေး ကော်မတီဖွဲ့စည်းရန်။ • လွိုင်လင်မြို့နယ်မှလျှပ်စစ်မီးပေးသောအဖွဲ့နှင့်ဆက်သွယ် ဆောင်ရွက်ရန်။ • ခန့်မှန်း ကုန်ကျငွေတွက်ချက်ခြင်း။ • သမဝါ ယမဦးစီးဌာနမှ ချေးငွေရရှိရန် ချိတ်ဆက်ခြင်း။	•
ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး			
သောက်သုံးရေလုံ လောက်စွာရရှိရေး	• တစ်ဘက်ရပ်ဆည်	• ကျေးရွာရှိရပ်မိရပ်ဖများမှဦးဆောင်၍ရွာလုံးကျွတ်အစည်း အဝေးဖိတ်ခေါ်ပြီး ဆွေးနွေးခြင်း။ • ရွာလူထုထံမှ ပူးပေါင်း ပါဝင်မှု ရယူခြင်း။ • ပုဂ္ဂလိကအလှူရှင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။	• ကျေးလက်/ဦးစီး
ကျန်းမာရေး			
ကျန်းမာရေး တိုးတက်လာစေရေး	• ကျန်းမာရေးဆေးခန်း အသစ်ဆောက်လုပ်ခြင်း • ဆေးခန်းပရိဘောဂ	• ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း။ • ကျန်းမာရေးဝန်ထမ်းများတောင်းခံခြင်းအတွက်တင် ပြခြင်း။ • ကျန်းမာရေးဝန်ဆောင်မှုများအားလက်လှမ်းမီမှုတိုး တက်ရေး။ • ကျန်းမာရေးအသိပညာပေးဟောပြောပွဲများစီစဉ် ခြင်း။ • ကျန်းမာရေးဆေးခန်း အသစ်ဆောက်လုပ်ခြင်း • ဆေးခန်းပရိဘောဂ	•

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
အခြားဝင်ငွေရလုပ်ငန်းများ			
သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး	• စက်ရုံ၊ အလုပ်ရုံများတည်ထောင်ရန် ရင်းနှီးမြုပ်နှံသူများနှင့် ဆက်သွယ်ခြင်း။ • အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းပေးခြင်း။ • အသေးစားကုန်ထုတ်လုပ်သူများအဖွဲ့ဖွဲ့စည်းရေးနှင့်အကောင်အထည်ဖော်ရေး။ • ကုန်ချောထုတ်လုပ်ခြင်း နည်းပညာတိုးတက် ဖွံ့ဖြိုးရေး။ • ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်း အကောင်အထည်ဖော်ခြင်း။ • အလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာစေရန်လုပ်ငန်းရှင်များနှင့် ဆက်သွယ်ခြင်း။	•
တိရစ္ဆာန် မွေးမြူရေး			
ဈေးကွက်နှင့် နည်းပညာ သင်တန်း	အသေးစားနှင့်စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်လာရန်အခြေအနေကောင်းများဖန်တီးရန်	• နည်းပညာဂန်ဆောင်မှု နှင့် သင်တန်းများ ပံ့ပိုးပေးခြင်းဖြင့် မွေးမြူရေးထွက်ကုန် မြင့်မားစေခြင်း။ • မြို့နယ် မွေးကုဋ္ဌာနနှင့် ချိတ်ဆက်ခြင်း။ • မွေးမြူရေးထုတ်လုပ်ရေးအတွက်ဈေးကွက်ချဲ့ထွင်မှုရရှိရန် လုပ်ဆောင်ခြင်း။	•
အုပ်ချုပ်ရေးကဏ္ဍ အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု	အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစွမ်းရည်မြှင့်တင်ပေးရေး။	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း	• ကျေးလက်/ဦးစီး

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
		• အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း • ခေါင်းဆောင်မှုနှင့်ငွေကြေးစီမံခန့်ခွဲမှုသင်တန်းများစီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ စီစဉ်ခြင်း	
လူငယ်၊ ယဉ်ကျေးမှု နှင့် အားကစား			
လူငယ်များစွမ်းဆောင်ရည်တိုးတက်လာစေရေး	လူငယ်များအား မြှင့်တင်ပေးရေး	စွမ်းဆောင်ရည်	• လူငယ်များစွမ်းဆောင်ရည် မြှင့်မားလာခြင်း။ • အခြေခံ ခေါင်းဆောင်မှု သင်တန်း။အဖွဲ့အစည်း စီမံခန့်ခွဲမှု သင်တန်း။ • ဆက်ဆံရေး နှင့် ပံ့ပိုးမှုတိုးတက်လာစေရေးသင်တန်း။ • ကျေးလက်/ဦးစီး
သယ်ယူပို့ဆောင်ရေး			
လမ်းပန်းဆက်သွယ်ရေး	• ရွာတွင်းလမ်းပြုပြင်ခြင်း (၇၇၀၀ပေ) • တံတား (၃) စင်းပြုပြင်ခြင်း • ရေပြွန်ပြုလုပ်ရန်	• လမ်း၊တံတားကော်မတီဖွဲ့ စည်းခြင်း။ • မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း။ • တစ်ဘက်ရပ်ဆည် • ရွာတွင်းလမ်းပြုပြင်ခြင်း (၇၇၀၀ပေ) • တံတား (၃) စင်းပြုပြင်ခြင်း • ရေပြွန်ပြုလုပ်ရန် • ကျေးလက်/ဦးစီး

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအားအခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစား ပေးအ ဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟု သုတ၊ကျွမ်းကျင်မှုများတိုးတက် ရေး	၁	✔	✔	✔		
၂	ကျေးရွာ၏ပညာတတ်မြောက်မှု တိုးတက်ရေး	၂	✔				
၃	ကျေးရွာလျှပ်စစ်မီးရရှိရေးအတွက် အစိုးရဌာနနှင့်ချိတ်ဆက်အဆိုပြု တောင်းခံရေး။	၃		✔			
၄	သောက်သုံးရေလုံလောက်စွာရရှိ ရေး	၄	✔	✔			
၅	ကျန်းမာရေး တိုးတက်လာစေရေး	၅	✔	✔	✔	✔	✔
၆	အလုပ်အကိုင်အခွင့်အလမ်းများ ပြား လာစေရေး	၆	✔	✔	✔	✔	✔
၇	အသေးစားနှင့်စီးပွားဖြစ်မွေးမြူ ရေးလုပ်ငန်းများတိုးတက်လုပ် ကိုင်လာရန်အခြေအနေကောင်း များဖန်တီးရန်	၇	✔	✔			
၈	အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင် ရာစွမ်းရည်မြှင့်တင်ပေးရေး။	၈	✔	✔	✔		
၉	လူငယ်များအားစွမ်းဆောင်ရည် မြှင့်တင်ပေးရေး	၉	✔	✔			
၁၀	လမ်းပန်း ဆက်သွယ်ရေး	၁၀	✔	✔			

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ် ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်

ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံ နှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သောစီမံချက်များကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက်ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင်နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ်ကိုးကားရန်ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ၊ကျွမ်းကျင်မှုများတိုးတက်ရေး					
၂	ကျေးရွာ၏ပညာတတ်မြောက်မှုတိုးတက်ရေး					
၃	ကျေးရွာလျှပ်စစ်မီးရရှိရေးအတွက်အစိုးရဌာနနှင့်ချိတ်ဆက်အဆိုပြုတောင်းခံရေး။					

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၄	သောက်သုံးရေလုံလောက်စွာရရှိရေး					
၅	ကျန်းမာရေးတိုးတက်လာစေရေး					
၆	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး					
၇	အသေးစားနှင့်စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်လာရန်အခြေအနေကောင်းများဖန်တီးရန်					
၈	အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစွမ်းရည်မြှင့်တင်ပေးရေး။					
၉	လူငယ်များအားစွမ်းဆောင်ရည်မြှင့်တင်ပေးရေး					
၁၀	လမ်းပန်းဆက်သွယ်ရေး					

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကို လည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ

ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့ နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက်လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များ ဖြစ်ပါမည်။ (၃) လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊

- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြား အသိပေးတင်ပြနိုင်သောအခွင့် အလမ်းများဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

(၁) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၂	၃	၅	၀.၆%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၄၆	၃၄	၈၀	၁၁%	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၂၂	၄၃	၆၅	၉%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၃၀	၄၀	၇၀	၉.၄%	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၂၂၁	၂၅၃	၄၇၄	၆၄%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၁၆	၂၇	၄၃	၆%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၃၃၇**	**၄၀၀**	**၇၃၇**	**၁၀၀%**	
အိမ်ထောင်စုပေါင်း (၁၅၂)			**တစ်အိမ်ထောင်စုပျှမ်းမျှလူဦးရေ (၄-၅)ဦး**		

ရည်ညွှန်း။ ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသ တင်းအချက်အလက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာတွင်မိသားစု (၁၅၂) စု ရှိပြီး လူဦးရေစုစုပေါင်း (၇၃၇) ဦး ရှိပါသည်။ ပျမ်းမျှ တစ်မိသားစုလျှင် (၄-၅) ဦးအထိ ရှိပါသည်။ အသက် (၁၅နှစ်မှ၆၀နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေ ၆၄% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၀) နှစ် အထက် လူဦးရေစုစုပေါင်း ၃၆% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ရှမ်းလူမျိုးများ နေထိုင်ရာ ရှမ်းရွာဖြစ်ပြီး ရှမ်းဘာသာစကားကိုသာ အများဆုံးအသုံးပြုကြပါသည်။

(၁.၂) လုပ်သားအင်အား

ဇယား (၂) လုပ်သားအင်အား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၁၄၄	၉၄.၇ %	၁၀	အိမ်ထောင်တစ်စုစီတွင်လယ်ယာအနည်းငယ်စီသာပိုင်ဆိုင်ပြီး ဝမ်းစာဖူလုံမှုအတွက်သာစိုက်ပျိုးကြသည်။စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်၍လုပ်ကိုင်သောအိမ်

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
					ထောင်စုများမှာအိမ်ဈေးဆိုင်(၅) စု၊စက်ချုပ်(၄)စု၊ဆိုင်ကယ်ပြင် ဆိုင်(၁)စု
	အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား			၆၉	စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်၍ လုပ်ကိုင်သောအိမ်ထောင်စုများ မှာလက်သမား၊ပန်းရံနောက် လိုက်အိမ်ထောင်စု(၁၇)စု၊ကျပန်း အိမ်ထောင်စု(၄၂)စု၊နွားငှား ကျောင်းသူ(၁၀)စု
၂	***တိရစ္ဆာန် မွေးမြူရေး*** ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း*** ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း*** ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း** ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး*** ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း*** ကိုယ်ပိုင် လုပ်ငန်း	၃	၂.၀%		လက်သမားပန်းရံဆရာ

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား			၁၇	လက်သမား၊ပန်းရံနောက်လိုက် အိမ်ထောင်စုများသည်စိုက်ပျိုးရေး လုပ်ငန်းနှင့်တွဲဖက်၍လုပ်ကိုင်
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား			၁	ဆိုင်ကယ်ပြင်ဆိုင်(စိုက်ပျိုးရေး နှင့်တွဲဖက်၍လုပ်ကိုင်)
၉	***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၁	၀.၇%	၄	အိမ်ထောင်စု(၁)စုသည်စက်ချုပ် ကိုအဓိကလုပ်ငန်းအဖြစ်လုပ်ကိုင် ၍ကျန်(၄)စုသည်စိုက်ပျိုးရေးနှင့် တွဲဖက်၍လုပ်ကိုင်
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၄	၂.၆%		အိမ်ဈေးဆိုင်လုပ်ငန်းလုပ်ကိုင်
၁၁	***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၃	***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ				

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	အလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၄	*အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ကျပန်း၊ရာသီ				
	အလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၅	*ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ကျပန်း၊ရာသီ				
	အလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၆	*ပညာရေး*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ကျပန်း၊ရာသီ				
	အလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၇	*ကျန်းမာရေး*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ကျပန်း၊ရာသီ				
	အလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၈	*လူမှုရေး လုပ်ငန်းများ*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ကျပန်း၊ရာသီ				
	အလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၉	*အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ကျပန်း၊ရာသီ				
	အလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၂၀	*ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ကျပန်း၊ရာသီ				
	အလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
	စုစုပေါင်း	၈၀	၁၀၀%	၂၀	

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသော သတင်း အချက်အလက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

အမျိုးသားများသည်အများအားဖြင့် တောင်ယာလုပ်ကိုင်ကြ၍ ကျပန်းနှင့်တွဲ၍ လုပ်ကိုင်ကြပါသည်။ အရွယ်ရောက်သောအမျိုးသားငယ်များနှင့် အမျိုးသမီးငယ်များမှာ ထိုင်းနိုင်ငံ၊ ဘန်ကောက်နှင့် ချင်းမိုင်တို့တွင် သွားရောက်လုပ်ကိုင်ကြရပြီး တစ်နှစ်တစ်ခေါက် (သို့) သုံးနှစ်တစ်ခေါက်ပြန်လာကြပါသည်။ တစ်ချို့မှာသုံးလတစ်ကြိမ် ငွေပို့ပေးကြပါသည်။

နွားငှားကျောင်းသည့် အလုပ်လုပ်သောအိမ်ထောင်စု (၁၀) စုခန့်ရှိပါသည်။ (၃) ဦးတဖွဲ့လျှင် နွားအကြီး (၅၀) ခန့်နှင့်သားပေါက် (၅၀) ခန့် လွှတ်ကြောင်းကြပါသည်။ နွားကျောင်းခအဖြစ် တစ်ရာသီလျှင် နွားတစ်ကောင် စပါး(၂) တင်းနှုန်းရရှိသဖြင့် အကောင်(၅၀)အတွက် စပါး (၁၀၀) တင်းရရှိပါသည်။ သားပေါက် (၅၀)ကောင်အတွက် မရရှိပါ။ အဖွဲ့ခေါင်းဆောင်မှာ စပါး (၅၀) တင်းရရှိပြီး ကျန် (၂) ဦးမှာ (၂၅) တင်းစီ ရရှိပါသည်။ တစ်နှစ်လျှင် (၆) လခန့်သာ လုပ်ရပြီး ကျန် (၆) လတွင် စိုက်ပျိုးရေးနှင့်ဆက်စပ်သော အလုပ်များတွင်လုပ်ကိုင်ကြပါသည်။

(၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ

(၁.၃.၁) ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၃) ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧရိယာ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၁၄၄	သင့်	မရ	(၃၀) ဧက ရရှိ၊ မြေသားတမံဆည်အသေး
ယာ	၇၄	သင့်	မရ	
အိမ်ခြံဝင်းစိုက်ခင်း	၃၁.၄	သင့်	မရ	
ရွှေပြောင်းတောင်ယာ	ခန့်မှန်း၍မရ	သင့်	မရ	
စားကျက်မြေ	၅	ကောင်း	မရ	
ပလပ်မြေ	၁၅	သင့်	မရ	
သစ်တောမြေ	၁၀၀	ကောင်း	မရ	
စုစုပေါင်း			မရ	

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

နောင်လိုင်ကျေးရွာတွင် ယခင်ကကျန်စစ်သားမင်းစစ်တိုက်ရာမှ ယခုရွာအနောက်တောင်ဘက်ဘုန်းကြီးကျောင်းအနီး ရေကန်သို့ရောက်ရှိလာကာ ၄င်း၏လုံမှပေကျံနေသောသွေးများကို

ဆေးကြောရာကန်ရေပြင်မှာ နီရဲသွားသောကြောင့် ရှမ်းဘာသာစကားဖြင့် နောင်လိုင် (ရေနီကန်) ဟု ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်ပါသည်။ ရှမ်းလူမျိုးများနေထိုင်ကြသောကျေးရွာဖြစ်ပါသည်။

နောင်လိုင်ကျေးရွာသည် ပင်လုံ၊ လဲချား ကားလမ်းဘေး တွင်တည်ရှိ၍ ရွာတွင်းသို့ (၁) မိုင် အရှည် မြေနီလမ်းမှဝင်ရောက်ရပါသည်။ လွိုင်လင်မြို့မှ (၁၈) မိုင်ကွာဝေးပြီး ၊ ပင်လုံနှင့် (၁၂) မိုင်အကွာ ပင်လယ်ရေမျက်နှာပြင် အထက်အမြင့်ပေ (၄၄၇) ပေတွင်တည်ရှိ၍ မြေမျက်နှာသွင်ပြင်မှာ တောင်ကုန်းချိုင့်ဝှမ်း များပြားပါသည်။ မြေပြန့်လွင်ပြင်ဟူ၍ မရှိသလောက် ရှားပါးပါသည်။ ကျေးရွာအပေါ်ထိပ်တွင် ရေကန် (၂) ခု ရှိ၍ နောင်လိုင်ရေကန်၊ (ဘုန်းကြီးကျောင်းတောင်ဘက်) နောင်မွန်ရေကန် (ဘုရားကြီးကျောင်း၏တောင်ခြေ) ရွာအတွင်းတည်ရှိပါသည်။ ရေကန်(၂) ကန်လုံး ကိုရွာသူရွာသားများမှ သောက်ရေနှင့် သုံးရေအဖြစ် အသုံးပြုကြပါသည်။ ရေကန်အကြီးတူး၍ အသုံးပြုသော အိမ်ထောင်စုမှာ (၁၅) အိမ်ရှိ၍ မိုးရေလှောင်ကန် ရေတွင်းအသေးမှာ (၁၀၀)ကျော်ရှိပါသည်။

လယ်စပါးစိုက်ပျိုးသူ (၆၈) အိမ်ရှိပြီးစိုက်ပျိုးဧက (၁၀၀) ခန့်ရှိနိုင်ပါသည်။ ပင်လုံဘက်မှစီး ဆင်းလာသော ပွန်ချောင်းရေနှင့်မိုးရေကိုသာ အဓိကအားထားပြီးစိုက်ပျိုးကြပါသည်။ ပွန်ချောင်းမှ စီးဆင်းလာသောရေကို အသုံးပြုသောအိမ်ထောင်စုမှာ ၂၀ အိမ်ခန့်ရှိပြီးခန့်မှန်း ဧက ၃၀ နီးပါးရှိနိုင်ပါမည်။ ၄င်းချောင်းရေကို တပိုင်တနိုင်တဘက်ရပ်မြေသား တာတမံပြုလုပ်ပြီးရေကိုရယူပါသည်။ မိုးရေကိုအားကိုးစိုက်ပျိုးသော တောင်သူများမိုးမကောင်း၍ စပါးများရေမဝကြသဖြင့် အထွက်နှုန်းနည်းကြရပါသည်။

နွေရာသီတွင် အာလူး၊ ပဲပုတ်အနည်းငယ်သာ စိုက်ပျိုးကြပါသည်။ လယ်မြေပေါ်တွင် နွေရာသီ၌ မည်သည့်သီးနှံပင်မျှ မစိုက်ကြပေ။ နွေရာသီတွင် ၄င်းလယ်မြေများတွင် ကျွဲနွားများလွှတ်ထားလေ့ရှိကြသည်။ ရေခြံသာလုပ်ကြပါသည်။

လယ်မြေဧက (၁၄၄) ဧက၊ ယာ (၇၄) ဧက ရှိပါသည်။ ရွှေပြောင်းတောင်ယာမှာ ခန့်မှန်း၍မရပါ ။ လယ်တွင်ဘိုးဘွားလက်ထက်ကတည်းက ရှမ်းစပါးမျိုးကိုစိုက်ပျိုး၍ ယခုအခါ တရုတ်မျိုးစေ့များကိုစမ်းသပ်၍ စိုက်ပျိုးကြပါသည်။ယာတွင် ပြောင်း၊ မြေပဲ၊ ဂျုံးကိုအဓိကစိုက်ပျိုး၍ ပင်လုံတွင် ရောင်းချကြပါသည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ပုလဲသွယ်မျိုးစေ့ လာရောက်ပေးခဲ့သော်လည်း ရာသီဥတုအေးမြသဖြင့် မအောင်မြင်ပါ။ ချေးငွေနှင့်ပတ်သက်၍ မရရှိပေ။ အိမ်ခြံဝင်း သီးနှံစိုက်ပျိုးမြေတွင် ဂျုံး၊ပဲပုတ်၊ပြောင်းဖူးပင်များစိုက်ပျိုး၍ အိမ်စားသုံး၍ သာရရှိပါသည်။

(၁.၃.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၄) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု(များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု(လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ခါတ်ငွေ့/ရေနံ)	ရှိ	လက်လမ်းမမှီ
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊သဲ) စသည့်	-	-

အမျိုးအစား	ရရှိနိုင်မှု(များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု(လွယ်/ခက်/လက်လှမ်းမမှီ)
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	သင့်	လွယ်
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	လွယ်

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

(၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား(၅) ဥစ္စာဓနအဆင့်အနေအထား

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**ဆင်းရဲသော အိမ်ထောင်စု**	**အလွန်ဆင်းရဲသော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	လယ်၅ဧက-၇ ဧက	လယ် ၃ ဧက- ၅ ဧက	လယ် ၁ ဧက-၂ဧက	မရှိ
အိမ်အခြေအနေ	၂ထပ်အိမ်ပျဉ်ကာ/အုတ်ကာ ပျဉ်ခင်းသွပ်မိုး	၁ထပ်အိမ်/၂ထပ်အိမ်/ပျဉ်ကာ/ပျဉ်ခင်းသွပ်မိုး	၁ထပ်အိမ်ထရံကာပျဉ်ခင်းသွပ်မိုး	၁ထပ်အိမ်ဝါးထရံကာဝါးခင်းသွပ်မိုး
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	လက်တွန်းထွန်စက်၊နွား၅ကောင်ကျွဲ၂ကော၊မြက်ဖြတ်စက်	လက်တွန်းထွန်စက်နွား၁၅ကောင်ကျွဲ ၅ ကောင်	နွား၂ကောင်ကျွဲ ၁ကောင်	မရှိ
အခြားပိုင်ဆိုင်မှု တစ်နှစ်ဝင်ငွေ	၃၆ သိန်း၊ ကား ၁ စီး ထော်လာကျီ TV, SKYNET ဖုန်း	၂၅ သိန်း TV, SKYNET ဖုန်း	၁၈သိန်း ဖုန်း	၁၄သိန်း မရှိ
အိမ်ထောင်စု ပေါင်း (၁၅၂)စု	၈((၅.၃%)	၃၁(၂၀.၄%)	၉၆(၆၃.၂%)	၁၇(၁၁.၂%)

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသောသတင်းအချက်အလက်များ(၁၇-၁၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

(၁.၅) ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ၊

(၁.၅.၁) ဝမ်းစာဖူလုံမှု

ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု ဇယား (၆) ဝမ်းစာဖူလုံမှု

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၇	၂၃.၃%	ကျေးရွာစျေးဆိုင်များမှအကြွေးယူရခြင်း၊ ဆွေမျိုးသားချင်းများထံမှငွေချေးငှားစားသုံးခြင်း၊ကျေးရွာမှငွေတိုးပေးသူများထံမှငွေတိုးယူပြီးစားနပ်ရိက္ခာဝယ်ယူစားသုံးရသည်။
၃လနှင့်၅ လအထိ	၈	၂၆.၇%	ကျေးရွာစျေးဆိုင်များမှအကြွေးယူရခြင်း၊ ဆွေမျိုးသားချင်းများထံမှငွေချေးငှားစားသုံးခြင်း၊ကျေးရွာမှငွေတိုးပေးသူများထံမှငွေတိုးယူပြီးစားနပ်ရိက္ခာဝယ်ယူစားသုံးရသည်။
၆လမှ ၁၂ လအထိ	၁၅	၅၀%	ဆွေမျိုးသားချင်းများချေးယူခြင်း၊စျေးဆိုင်များအကြွေးယူခြင်း၊လုပ်ငန်းရှင်များထံမှလုပ်အားခ ကြိုတင်ယူသုံးစွဲခြင်း။

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသောသတင်းအချက်အလက်များ(၁၇-၁၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာရှိ အဆင့် (၃) ဆင်းရဲသောအိမ်ထောင်စုနှင့် အဆင့် (၄) အလွန်ဆင်းရဲသောအိမ်ထောင်စုဝင်များထဲမှ အိမ်ထောင်စု (၃၀) ကိုသာစစ်တမ်းကောက်ထားခြင်းဖြစ်ပါသည်။

(၁.၅.၂) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား(၇) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ဖခနှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	-	-	-
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ	-	-	-
				အိမ်ထောင်စုအရေအတွက်
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ			
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ			
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ			

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသောသတင်းအချက်အလက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

(၁.၅.၃) ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့်အခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	အနည်းငယ်ရှိ	မြေယာမဲ့ကျပန်းလုပ်ငန်းလုပ်ကိုင်ကြသောအိမ်ထောင်စုများနှင့်ဆင်းရဲသားတောင်သူများသည်စားနပ်ရိက္ခာမဖူလုံမှုကိုကြုံတွေ့ရနိုင်ပါသည်။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...)	အနည်းငယ်ရှိ	
၃	ငှက်ဖျား	အနည်းငယ်ရှိ	ငှက်ဖျားကူးစက်မှုနှုန်းတွင်မကျရောက်သောကြောင့်
၄	ဝမ်းပျက်ဝမ်းလျှောက	ဖြစ်နိုင်ချေများ	စိမ့်စမ်းရေသောက်သုံးရပြီးရေကိုကြိုချက်သောက်လေ့မရှိသောကြောင့် လည်းကောင်း၊အစားအသောက်များမသန့်ရှင်းသောကြောင့်လည်းကောင်း ဖြစ်လေ့ရှိပြီးကလေးငယ်များတွင်အဖြစ်များပါသည်။
၅	ခုခံအားကျဆင်းမှု ရောဂါ	ဖြစ်နိုင်ခြေနည်း	
၆	လူကုန်ကူးခြင်း	ဖြစ်နိုင်ခြေနည်း	အခြားနိုင်ငံသို့သွားရောက်အလုပ်လုပ်သူမရှိသော်လည်းနိုင်ငံနှင့်အဝန်းလူကုန်ကူးမှုများဖြစ်နေသောကြောင့် သတိထားသင့်ပါသည်။
၇	မိုးခေါင်ခြင်း	ဖြစ်နိုင်ခြေနည်း	သစ်တောများရှိခြင်းကြောင့်မိုးခေါင်လေ့မရှိသော်လည်း၀ါထပ်သည့်နှစ်များတွင် မိုးခေါင်တတ်ပါသည်။
၈	မိုးသည်းထန်စွာ ရွာသွန်းခြင်း	အသင့်အတင့်ရှိ	တစ်ခါတစ်ရံတွင်အချိန်အခါမဟုတ်မိုးကြီး လေ့ရှိပါသည်။
၉	လေပြင်းမုန်တိုင်း	ဖြစ်နိုင်ခြေနည်း	တောင်ပေါ်ဒေသဖြစ်သည့်အတွက်ကြောင့်မုန်တိုင်းအန္တရာယ်မကြုံတွေ့ရသော်လည်းတစ်ခါတစ်ရံလေပြင်းများ၊လေဆင်နှာမောင်းများတိုက်ခတ်လေ့ရှိပါသည်။
၁၀	ငလျင်	ဖြစ်နိုင်ခြေနည်း	ပျက်စီးဆုံးရှုံးမှုမခန့်မှန်းနိုင်ပါ။
၁၁	မီးဘေး	ဖြစ်နိုင်ခြေနည်း	နွေရာသီတွင်အန္တရာယ်ရှိနိုင်ပါသည်။
၁၂	မြေဆီလွှာ ဆုတ်ယုတ်ခြင်း	မြင့်မား	စိုက်ပျိုးရေးဓာတုဆေးများကိုအသုံးပြု

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			ခြင်းကြောင့်မြေဆီလွှာသည်အတိုင်းအတာတစ်ခုအထိပျက်စီးနိုင်ပါသည်။ တောင်သူများသည်မြေဆီလွှာပြုပြင်သောနည်းလမ်းများကိုအသုံးပြုခြင်းမရှိသေးပါ။

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသောသတင်းအချက်အလက်များ (၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

(၁.၅.၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	မူးယစ်ဆေးဝါးအန္တရာယ်ကြုံတွေ့နိုင်၊အရက်သောက်သုံးစွဲအသည်းရောဂါရှိနိုင်။
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်	တောင်ပေါ်သို့လုပ်ငန်းခွင်ဝင်ရောက်ချိန်နယ်မြေအနေအထားအရအန္တရာယ်ကြုံတွေ့။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်	မူးယစ်ဆေးဝါးအန္တရာယ်ကြုံတွေ့၊ကုန်ဈေးနှုန်းကြီးခြင်း နှင့်လုပ်အားခနည်းခြင်းတို့ကြုံတွေ့နိုင်။
၄	ရွှေပြောင်းလုပ်သားများ	မြင့်	ထိုင်းနိုင်ငံသို့သွားရောက်၍အလုပ်လုပ်သူများပြား၍လုပ်ငန်းခွင်အန္တရာယ်ရှိနိုင်။

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသောသတင်းအချက်အလက်များ(၁၇-၁၉၊ စက်တင်ဘာလ၊ ၂၀၁၅)

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး

ပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊ အခွင့်အလမ်းများကို ဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့် အစီအစဉ်ကျသောမူဝါဒချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု(၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ကျေးရွာအုပ်ချုပ်ရေးအဖွဲ့	၂	၂		၂	အုပ်ချုပ်ရေးကိစ္စရပ်များ	၅	၆
၂	ရပ်မိရပ်ဖ ဂေါပကအဖွဲ့	၂	၁၁		၁၁	အကြံပြုဆွေးနွေးတိုင်ပင်ပူးပေါင်းဆောင်ရွက်။	၄	၆
၃	ဝေယျာဝစ္စအဖွဲ့	၂				ကျေးရွာသာရေး၊နာရေး	၄	၇
၄	လူငယ်အဖွဲ့	၂	၁	၁	၂	လူမှုရေး။	၄	၇
၅	လူငယ်အကအဖွဲ့	၃	၄	၃	၇	ယဉ်ကျေးမှု။	၄	၇
၆	ကျောင်းအကျိုးတော်ဆောင်	၂	၆		၆	ပညာရေး	၄	၇
၇	မိဆရာအသင်း	၂	၁၁		၁၁	ပညာရေး	၄	၇
၈	ကျေးရွာရန်ပုံငွေအဖွဲ့	၂	၅		၅	ပညာရေး	၄	၇
၉	ကျန်းမာရေး	၂	၂		၂	ကျန်းမာရေး	၄	၇
၁၀	ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့	၂	၇	၃	၁၀	စာပေနှင့်ယဉ်ကျေးမှုထိန်းသိမ်းရန်။ရိုးရာဓလေ့မပျောက်ကွယ်ရန်။	၄	၆

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

(၃.၂.၂) စီမံခန့်ခွဲမှုနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ (Management and Development Scheme)

အုပ်ချုပ်ရေးအဖွဲ့သည် လုပ်ငန်းကိစ္စရပ်များကို ရပ်မိရပ်ဖအဖွဲ့နှင့်သာ တိုင်ပင်ဆွေးနွေးလုပ်ကိုင်ရပါ သည်။ ကျေးရွာ၏ကိစ္စရပ်များကို အုပ်ချုပ်ရေးအဖွဲ့မှ ဆုံးဖြတ်ချက် မချမှတ်နိုင်ပေ။ ကျေးရွာတွင်အဖွဲ့များအမျိုးမျိုး ရှိသော်လည်း ၄င်းအဖွဲ့များတွင်ပါဝင်သော အဖွဲ့ဝင်များမှာ ရပ်မိရပ်ဖအဖွဲ့ဝင်များသာ ဖြစ်ကြပါသည်။ လူငယ်ဖွဲ့များသည်လည်း ရပ်မိရပ်ဖအဖွဲ့၏ ဦးဆောင်မှုအောက်တွင် ဆွေးနွေးတိုင်ပင်ဆောင်ရွက်ရပါသည်။

ရွာ၏အနောက်ခြမ်းတွင် ရှမ်းရွာ ၇ ရွာ နှင့် အရှေ့ခြမ်းတွင် ပအိုဝ်ရွာ (၅) ရွာပါဝင်သော ကျေးရွာ အုပ်စုဖြစ်ပါ သည်။ အုပ်စုအုပ်ချုပ်ရေးမူးသည် ပအိုဝ်ရွာမှဖြစ်သော်လည်း ရှမ်းရွာ (၇)ရွာ၏ အုပ်ချုပ်ရေးကဏ္ဍ ကိုနောင်လိုင်ကျေးရွာမှအုပ်ချုပ်ဆောင်ရွက်ပါသည်။

ကျောင်းရံပုံငွေအတွက် တစ်လတစ်ကြိမ် တစ်အိမ်ထောင်စု ၁၅၀၀ ကျပ် နှင့် ဆန် (၃) ပြည် ကောက်ခံပြီး ပညာရေးအတွက်လိုအပ်သော ကျောင်းပြုပြင်ခြင်း၊ ကျောင်းပရိဘောဂ ပြုလုပ်ခြင်း၊ လိုအပ်သော စာသင်ခုံများပြုလုပ်ခြင်း၊ ကျောင်းဆရာမခရီးစရိတ်၊ အစည်းအဝေး သွားရောက်စရိတ်များ၊ ဆရာမများသင်တန်း သွားရောက်စရိတ်များ၊ကျောင်းအထွေထွေကုန်ကျမှုများ အတွက် ဆွေးနွေးတိုင်ပင်၍ ဆောင်ရွက် လုပ်ကိုင်ကြပါသည် ။

ကျေးရွာရံပုံငွေအဖွဲ့သည် တစ်လတစ်ကြိမ် တစ်အိမ်ထောင်စု (၁၀၀၀) ကျပ် ကောက်ခံပြီး ကျေးရွာဖွံ့ဖြိုးရေး ကိစ္စများကို ရပ်မိရပ်ဖအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ဆွေးနွေးတိုင်ပင် ဆောင်ရွက် လုပ်ကိုင်ကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ယခုကျေးရွာ၏ ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာလိုအပ်ချက်ဖော်ထုတ်ခြင်း (PRA) ဆွေးနွေးပွဲတွင်ကျွန်ုပ်တို့ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုဖွဲ့စည်းရာတွင် အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖအဖွဲ့ဝင်များသည် နာယကနေရာ၊ အကြံပေးညှိနှိုင်းတိုင်ပင်သည့် နေရာတွင်သာပါဝင်ဆောင်ရွက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယခုကော်မတီဖွဲ့စည်းပြီး အချိန်မှစတင်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ညှိနှိုင်းလုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခင်က ကျေးရွာတွင် အများအားဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ ကသာ ဦးဆောင်ဦးရွက် လုပ်ကိုင်ကြပြီး အလှည့်ကျလုပ်ဆောင်ကြသော်လည်း အမျိုးသမီးများက အဖွဲ့များတွင်ပါဝင် ဆောင်ရွက်လုပ်ကိုင်ခြင်း အလေ့အကျင့်မရှိခဲ့ပါ။ ကျေးရွာသူ/ ရွာသားများ ဝိုင်းဝန်းပါဝင် ဆွေးနွေးဆုံးဖြတ်ချက်ချမှတ်ခြင်း အလေ့အကျင့်လည်းမရှိခဲ့ပါ။ အမြင်ရှင်းရှင်း ဖြင့် ကျေးရွာအတွင်းရှိ အလွှာအသီးသီးနှင့် လူငယ်များပါ ပါဝင်ဆောင်ရွက် လုပ်ကိုင် လာနိုင်မည့် စနစ်ကို စတင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ကို အမျိုးသား (၈) ဦး အမျိုးသမီး (၇) ဦး စုစုပေါင်း (၁၅) ဦး ဖြင့်ဖွဲ့စည်းခဲ့ပါသည်။

(၂.၁.၂) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား (၁၁) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန	၄	ကျေးလက်ဦးစီးဌာနက ၂၀၁၅ ခုနှစ်တွင် ဆိုလာမီး (၁၄၀) ချထားရန်လျာထားပေးပြီး

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ(၁၇-၁၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ - ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

(၂.၂) စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊

(၂.၂.၁) စိုက်ပျိုးရေးသီးနှံ

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

ဇယား(၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၈	၅.၃%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၃၀	၁၉.၇%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ - ၅ ဧကထိ	၁၁၄	၇၅%	တောင်သူငယ်
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၅၂**	**၁၀၀ %**	

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား(၁၃) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ ရာသီအလိုက်)
-	-	-	-	-

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအ ချက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ရေသွင်းနိုင်သည့် ရေအရင်းအမြစ်မရှိပါ။

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ ရာသီအလိုက်)
၁	မြေသားတမံဆည်အသေး	ပုဂ္ဂလိက (ကိုယ်ထူ ကိုယ်ထ)	၃၀	တစ်နှစ်ပတ်လုံး

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိ သောသတင်း အချက်အလက်များ (၁၇-၁၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

ပင်လုံဘက်မှ စီးဆင်းလာသော ပွန်ချောင်းရေနှင့် မိုးရေကိုသာအဓိကအားထားပြီး စိုက်ပျိုး ကြပါသည်။ ပွန်ချောင်းမှ စီးဆင်းလာသောရေကို အသုံးပြုသောအိမ်ထောင်စုမှာ ၂၀ အိမ်ခန့်ရှိပြီး

ခန့်မှန်းဧက ၃၀ နီးပါးရှိနိုင်ပါမည်။ ၄င်းချောင်းရေကိုကျေးရွာ၏ကိုယ်ထူကိုယ်ထ တပိုင်တနိုင် တဘက်ရပ်မြေသားတာတမံ ပြုလုပ်ပြီးရေကို ရယူပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
လယ်	၁၀	တင်း	၆၅ တရုတ်မျိုး	၇၆	၇၂	ဝါဆို-တန်ဆောင်မုန်း	မြင့်	လတ်	ဒေသမျိုးရှမ်းဆန်စိုက်။အချို့အိမ်ထောင်စုတရုတ်မှလာသောမျိုးစိုက်၊ ထွက်နှုန်းဒေသမျိုးထက်အနည်းငယ်ပိုပါသည်
			၅၅ ဒေသမျိုး	၆၀	၆၀				
ပြောင်း	၁၅	ပိသာ	၇၅၀	၈၀၀	၈၅၀	ကဆုန်-ဝါခေါင်	မြင့်	လတ်	CP 888 မျိုးစိုက်မြေဆီလွှာမပြုပြင်နိုင်၍ထွက်နှုန်းနည်း
ကျင်း	၁၀	ဧက	၁၅၀ ပိသာ	၂၀၀ ပိသာ	၂၅၀ ပိသာ	တပေါင်း-ဝါခေါင်	မြင့်	လတ်	ဒေသမျိုးစိုက်

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၁၇-၁၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

ပွန်ချောင်းမှစီးဆင်းလာသော ရေကိုအသုံးပြုသော အိမ်ထောင်စုမှာ (၂၀) အိမ်ခန့်ရှိပြီး ခန့်မှန်းဧက (၃၀) နီးပါး ရှိနိုင်ပါမည်။ ကျန်သောအိမ်ထောင်စုမှာမိုးရေဖြင့်သာ စိုက်ပျိုးကြပါသည်။ မျိုးအနေဖြင့်ဒေသ မျိုးရှမ်းဆန်နှင့် တရုတ်ဘက်မှလာသောမျိုးကို ဝယ်ယူစိုက်ပျိုးကြပါသည်။

ပွန်ချောင်းမှစီးဆင်းလာသောရေကို တပိုင်တနိုင် တဖက်ရပ်မြေသား တာတမံပြုလုပ်ပြီးရေကိုရယူပါသည်။ မိုးရေကိုအားကိုးစိုက်ပျိုးသော တောင်သူများမိုးမကောင်း၍ စပါးများရေမဝကြ

သဖြင့်အထွက်နှုန်း နည်းကြရပါသည် ။

ရှမ်းဆန်အမျိုးအစားကိုသာ ဝမ်းစာဖူလုံ ရုံမျှစိုက်ပျိုးကြပါသည်။ ရှမ်းဆန်စိုက်ပျိုးသူခန့် မှန်း ၄၀ အိမ်ထောင်စု စိုက်ပျိုးပြီးကျန်အိမ်ထောင်စုမှာ တရုတ်မျိုးကိုသာ စိုက်ကြပါသည် ။

အိမ်စားရန်နှင့်အနည်းငယ်ပိုပါက ကျေးရွာတွင်ပြန်ရောင်းချပေးပါသည်။ တဧက အထွက် နှုန်းပျမ်းမျှ တင်း (၇၀) ကျော်သာ ထွက်ရှိ၍ အများအားဖြင့် ဝယ်ယူစားသုံးကြရပါသည်။ လဲချားမှထွက်ရှိသော ဆန်ကိုသာ အဓိကဝယ်ယူစားသုံးကြပါသည် ။

တရုတ်ဘက်မှလာသော မျိုးစေ့နှင့်ဓါတ်မြေဩဇာကိုသုံးကြပါသည်။ တရုတ်ဘာသာဖြင့် ရေးသားထားခြင်းကြောင့် ထည့်ရသည့်အချိုးအစား အညွှန်းနားမလည်ခြင်းတို့ကြောင့် ကိုယ်နည်း ကိုယ်ဟန်ဖြင့် အသုံးပြုနေကြရပါသည်။စိုက်ပျိုစရိတ် စုစုပေါင်းကုန်ကျငွေ ၅၄၅,၀၀၀ ကျပ်ဖြစ်ပြီး တစ်တင်း ၈၀၀၀ ကျပ်နှုန်းဖြင့် ရောင်းချငွေ ၅၇၆၀၀၀ ကျပ် မှ အမြတ်ငွေ ၃၁၀၀၀ကျပ်သာ ကျန်ရှိပါသည်။ မိရိုးဖလာလုပ်ကိုင်လာသောကြောင့် လယ်မြေနေရာပျောက်သွားမည်စိုးသည့် အတွက် လယ်ကိုစိုက်ပျိုးနေကြရခြင်း ဖြစ်သည်။

ပြောင်း

ပြောင်းမျိုးမှာတရုတ် CP 888 မျိုးကိုစိုက်ပျိုးကြပြီး၊ တရုတ်မြေဩဇာ ကိုသုံးကြပါသည်။ အထွက်နှုန်းလည်း အသင့်အတင့်သာထွက်ရှိပါသည်။ အချို့အိမ်ထောင်စုများ မိမိအိမ်ခြံဝင်း တွင်စိုက်ပျိုး ထားကြပါသည်။ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် နောင်တနှစ်အတွက်မျိုးလည်းခံယူ ထားကြပါသည်။ ဈေးကွက် မတည်ငြိမ်ခြင်းနှင့် ရောင်းချသည့်အချိန်တွင် ဈေးကောင်း မရရှိခြင်းတို့ နှင့်ကြုံတွေ့ရပါသည်။

၄င်းအပြင်ဂျင်းကိုလည်းအိမ်တိုင်းနီးပါးစိုက်ပျိုးကြပါသည်။ တပိုင်တနိုင်သာ စိုက်ပျိုးကြပြီး အနည်းငယ်မျှအိမ်ထောင်စု ကသာ ရောင်းချရန် အတွက်စိုက်ပျိုးကြပါသည်။ ဂျင်းစိုက် ရန်အတွက် ဒေသမျိုးအသုံးများသည်။ ရောင်းချရာတွင်ဈေးနှိမ်ခံရပါသည်။ လဲချားရှိအဝယ်ဒိုင်များ ရာသီအ လိုက်ထွက်ရှိချိန်တွင် ဈေးကစားကြ၍လဲချားမှတတဆင့် တရုတ်ပြည်ဘက်သို့ပြန်လည်တင်ပို့ ရောင်းချကြပါသည်။

မြေပဲသီးနှံအား အိမ်စားသုံးရန် အဓိကစိုက်ပျိုးကြပါသည်။ ကျေးရွာရှိအိမ်ထောင်စု အားလုံး နီးပါး မိမိအိမ်ခြံဝင်းအပြင်တောင်ယာခင်းတွင်လည်းစိုက်ပျိုးကြပါသည်။ တဦးမျိုး အနည်းဆုံး ၁ ပြည် နှင့် အများဆုံး ၄ ပြည် အထိစိုက်ပျိုးကြပါသည်။ စားသုံးရန်အတွက် စိုက်ပျိုးခြင်းဖြစ်ပါသည်။

ရာသီအလိုက် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို အိမ်ခြံဝင်းထဲတွင် တပိုင်တနိုင် စိုက်ပျိုး ထားကြပါသည်။ မြေပဲ ၊ပြောင်း၊ ငရုတ်၊ သခွား၊ ဘုရားပန်းမျိုးစုံ၊ ဗူး၊ နှမ်းဖြူ၊ ကန်စွန်းရွက်၊ မုံညင်း ၊ ကော်ဖီထုပ်၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ပဲတရုတ်၊ ရွေပဲသီး၊ ဘိုစားပဲ၊ နံနံပင် ၊ တိုင်ထောင်ပဲ၊ ဂျင်း၊ ဆန္ဒင်း၊ ကန်စွန်းဥ၊ အာလူး အစရှိသဖြင့် တရွာလုံးအတိုင်းတာအရ ၃၁.၄ ဧကနီးပါးရှိနိုင်ပါသည်။ နှစ်ရှည်ပင်သီးနှံပင် များအဖြစ် သံပုရာ ၊ဒညင်း၊ ထောပတ် ၊ သရက်၊ ငှက်ပျော ၊မာလာကာ၊

လက်ဖက် အစရှိသဖြင့်စိုက်ပျိုး ထားကြပါသည်။ ကျေးရွာ၌ထွက်ရှိသောကုန်ပစ္စည်းများကို လဲချားစျေးတွင် သွားရောက်ရောင်းချကြပါသည်။ ပင်လုံစျေးသို့လည်း တခါတရံသွားရောက်ရောင်းချကြပါသည်။ ကျေးရွာမြေအနေအထားမှာမြေဆီလွှာ ပြုပြင်ရန်လိုအပ်ပါသည်။ နည်းစနစ်များနည်းပညာများ မျိုးကောင်းမျိုးသန့်များသုံးစွဲရန်အတွက် ချိတ်ဆက်ဆောင်ရွက်မှုများ လုပ်ဆောင်ပေးခြင်း၊ စျေးကွက်နှင့် သတင်းအချက်အလက်များ ရယူပေးခြင်းအပြင် သဘာဝမြေဩဇာသုံးစွဲနည်းများကိုလည်း လုပ်ဆောင်ပေးခြင်း တို့ဆောင်ရွက်ရန်လိုအပ်ပါသည်။

ကျေးရွာ၏အနေအထားအရ နှစ်ရှည်သီးပင်များကို ဥယျဉ်ခြံစိုက်ပျိုးရန် ကောင်းမွန်သောမြေအနေအထားနှင့် ရာသီဥတုကိုပိုင်ဆိုင်ထားပါသည်။ ကော်ဖီ ၊ ဒညင်း၊ သံပုရာ ၊ ရှောက်ချိုသီး၊ သရက်၊ လိမ္မော်သီး၊ လက်ဖက် တို့ကိုဥယျဉ်ခြံအဖြစ် စိုက်ပျိုးလုပ်ကိုင်လျှင် ပို၍ အဆင်ပြေလာနိုင်ပါမည်။ သီးနှံများစွာထွက်ရှိပါက လွှိုင်လင်-ပင်လုံ ကားလမ်းမနှင့်နီးသော နေရာတွင်တည်ရှိသောကြောင့် စျေးကွက်အနေထားကောင်းမွန်လျှင် လာရှိုးမှ တရုတ်နိုင်ငံထိ တင်ပို့နိုင်ပါသည်။ တောင်ကြီးမိတ္ထီလာအထိ လည်းတင်ပို့ရောင်းချနိုင်ပါသည်။

ထိုအပြင်ကျေးရွာ အဝင်လမ်းဘေးနှစ်ဖက်တွင် မြေလွတ်မြေရိုင်း ၁၀ ဧက နီးပါးရှိနိုင်ပါသည်။ စိုက်ပျိုးရေးနည်စနစ်များ စနစ်တကျဖြင့်ရရှိပါက သီးနှံမျိုးစုံစိုက်ပျိုးနိုင်သည့်အနေအထားရှိပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

ဇယား(၁၅) လယ်ယာသုံးစက်ကိရိယာများ

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
လက်တွန်းထွန်စက်	၂၂	-	ပုဂ္ဂလိက

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာတွင်းရှိလယ်သမားများ၏ကိုယ်ပိုင်လယ်ယာသုံးပစ္စည်းများမှာ-

(က) လက်တွန်းထွန်စက် (၂၂) စီး၊

လက်တွန်းထွန်စက် (၂၂) စီး ကို အိမ်ထောင်စု (၂၂) စုက သာပိုင်ဆိုင်ပြီး မပိုင်ဆိုင်သော အိမ်ထောင်စုများ က ငှားရမ်း၍ လုပ်ဆောင်ရာ တနာရီငှားခ ၄၀၀၀ ကျပ်ပေးရပါသည် ။ တောင်သူအနည်းစုသာ ငှားရမ်းအသုံးပြုကြပြီး အများစုမှာ ကျွဲကိုသာအဓိက အသုံးပြုကြပါသည်။

(၂.၂.၁.၅) သီးနှံထုတ်လုပ်မှုတိုးတက်စေရန် အထောက်အပံ့ပေးနိုင်သည့် အခြေအနေကောင်းများ

ဇယား(၁၆) သီးနှံထုတ်လုပ်မှုတိုးတက်စေရန် အထောက်အပံ့ပေးနိုင်သည့် အခြေအနေကောင်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ)	ရှိ	ကျေးရွာပိုင် တောင်ကုန်းတောင်တန်းများ ပေါ်တွင်တိုးချဲ့၍ရနိုင်။မြေဆီသြဇာအသင့် အတင့် အနေထားတွင်ရှိ။
ရေအရင်းအမြစ်	ရှိ	ပင်လုံမှစီးဆင်းလာသော ပွန်ချောင်းရေ ရရှိ ပါသည်။ သို့သော်လယ်ဧက (၃၀) ခန့်သာ ရရှိ။ဌင်းရေကိုကျေးရွာမှတပိုင်တနိုင်မြေ သားဖြင့် တဘက်ရပ်ဆည်လုပ်ပြီး ရေသွယ် ယူ၍ စိုက်ပျိုးနေကြရပါသည်။ နည်းပညာ စနစ်တကျဖြင့်ရေစနစ်တကျရရှိရန်ဆောင် ရွက်လုပ်ကိုင်ပေးပါက လယ်ယာ ကုန်ထုတ် လုပ်မှု တိုးတက်လာနိုင်ပါမည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	နွားချေး၊ကျွဲချေးများပေါများစွာရရှိ၊
ချေးငွေရရှိမှု	မရှိ	မြန်မာ့စိုက်ပျိုးရေးဘဏ်မှချေးငွေမရရှိခြင်း ချိတ်ဆက်မှုမရှိခြင်း။
သွင်းအားစုစျေးကွက်	မရှိ	စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန် သွင်းအားစုကုမ္ပဏီနှင့် ချိတ်ဆက်မှုမရှိခြင်း နှင့်မဝင်ရောက်ကြခြင်း။မိရိုးဖလာသာလုပ် ကိုင်ဆောင်ရွက်ကြခြင်း။
ဝန်ဆောင်မှုစျေးကွက်	ရှိ	လဲချားနှင့်ပင်လုံစျေးကွက်ရရှိနိုင် ။
ထုတ်လုပ်မှုစျေးကွက်နှင့်ကုန်သွယ်မှု		လဲချားနှင့်ပင်လုံစျေးကွက်တွင်သွားရောက် ရောင်းချ

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအ ချက်များ(၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

တောင်သူဦးကြီးများသည် ကျွဲချေးကို အသုံးပြုမှုများပြားပါသည်။ သို့သော် ဓါတ်မြေဩဇာ အလွန်အကျွံသုံးစွဲမှုမရှိစေရန် အသိပညာပေးမှုများပြုလုပ်ပေးရန် လိုအပ်ဦးမည်ဖြစ်သည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	သစ်တောမြေများဖြစ်၍တိုးချဲ့ရန်မြေနေရာအ ခက်အခဲ ရှိခြင်း။

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
ငွေကြေးအရင်းအနှီး လက်လှမ်းမှီမှု	ရှိ	၂၀၁၄ ခုနှစ်မှစ၍ ပုံစံ (၇) သတ်မှတ်လိုက်၍ စိုက်ပျိုးစရိတ် ချေးငွေမရရှိတော့ခြင်း။
မိုးရေမလုံလောက်မှု	ရှိ	မိုးရေအတွက်ယခုနှစ်တွင် မိုးခေါင်မှုဖြစ်ပွား။
ဖျက်ပိုးနှင့်ရောဂါ	ရှိ	တရုတ်ဆေးများကိုသာအဓိကထား၍သုံးစွဲသောကြောင့်အပင်များအတွက်အန္တရာယ်ရှိနိုင်။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှစိုက်ပျိုးချေးငွေမရရှိပေ။ အဓိကအကြောင်းအရင်းမှာ ပုံစံ(၇)မရှိ၍ ဖြစ်ပါသည်။ သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ တောင်သူများအနေဖြင့် သီးနှံအထွက်နှုန်း ပုံမှန်ရရှိစေရန် အတွက် စိုက်ပျိုးရေးသုတေသနဌာနနှင့် တိုးချဲ့ပညာပေးရေး ဌာန တို့မှ အကူအညီ ပေးနိုင်ပါ သည်။ တောင်သူများအနေဖြင့်သီးနှံများ အစီအစဉ်တကျ စိုက်ပျိုးနိုင်ရန်နှင့် အကျိုးအမြတ်များ ပိုရနိုင်ရန် ဈေးကွက်အခြေအနေ ခန့်မှန်းခြင်း နည်းပညာများ ရရှိလိုကြပါသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၆၇	၃၃၄ ကောင် အသားတိုးရောင်းချရန်နှင့် နွားချေးရရှိရန်။ စနစ်တကျမသိလှောင်။ စပါးတွင်မထည့်။ ဂျင်း၊ မြေပဲတို့တွင် အခြောက်လှမ်း၍ထည့်။ ခွာနာလျှာနာရောဂါကျရောက်။ ရာသီအကူးအပြောင်း အသေပျောက်နည်း။ တိမွေးကုနှင့် ဆက်သွယ်မှုမရှိ ။
ကြွေး	၄၃	၁၁၂ ကောင် လယ်ယာလုပ်ငန်းအတွက်မွေးမြူ။တချို့ရောင်းချရန်မွေးမြူ။ ရာသီအကူးအပြောင်းအသေပျောက်နည်း။တိမွေးကုနှင့် ဆက်သွယ်မှုမရှိ ။
ဝက်	၂	၁၃ ကောင်မွေးမြူပါသည်။ ရွာအဝင်ပိုင်းသာလျှင်မွေးမြူပါသည်။ ရွာအပေါ်ပိုင်းတွင် ကျေးရွာအနေထားအရ ဝက်မွေးမြူခြင်းမပြု။ မြေကောင်းနေရာကောင်းဟု ရှေးဘိုးဘွားများက အယူရှိခဲ့၍ဖြစ်။

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
ကြက်		တစ်အိမ်နှင့်တစ်အိမ်ဟင်းသီးဟင်းရွက်စိုက်ပျိုးကြ၍စီးပွားဖြစ်မမွေးမြူကြပါ။အိမ်စားသုံးရန်အတွက် သာမွေးမြူ ။
ဘဲ	၁	၂ ကောင် အလှမွေးထား။ စီးပွားဖြစ်မွေးရန်အတွက် နွေရာသီတွင် ရေလုံလောက်စွာမရနိုင်။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှရရှိသောသတင်း အချက်အလက်များ (၁၇-၁၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၈) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
စားကျက်မြေ	ရွာအနီးအနားတွင်စားကျက်မြေ (၅) ဧကခန့်ရှိပါသည်။ မြေလွတ်မြေရိုင်းလည်းပေါများ။
ရေရရှိမှု	ပင်လုံမှစီးဆင်းလာသော ပွန်ချောင်းရေရှိ။
တိရစ္ဆာန်မျိုး	မြက်ရရှိမှု လုံလောက်မှုရှိ။
ချေးငွေ	ပင်လုံမြို့နှင့်လဲချား မြို့များတွင်ဝယ်ယူရရှိနိုင်သည်။
သွင်းအားစုဈေးကွက်	ပင်လုံမြို့နှင့်လဲချားမြို့များတွင်ရောင်းချနိုင်သည်။
ထုတ်ကုန်ရောင်းဝယ်မှု	အိမ်ခြံဝင်းအတွင်း၌စားသုံးသီးနှံများစိုက်ပျိုးထား၍စီးပွားဖြစ်မွေးမြူရန်မြေနေရာမရှိပါ။ခြံသီးသန့်ထား၍ မွေးမြူကြခြင်းဖြစ်။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	ရွာအနီးအနားတွင်စားကျက်မြေ (၅) ဧကခန့်ရှိပါသည်။ မြေလွတ်မြေရိုင်းလည်းပေါများ။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှရရှိသောသတင်း အချက်အလက်များ (၁၇-၁၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

၂.၂.၂.၃ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

စဉ်	အခက်အခဲနှင့် ပြဿနာများ	ဖော်ပြချက်/ရှင်းလင်းချက်
၁	အရင်းအနှီးမရှိခြင်း	သက်သာသောအတိုးနှုန်းဖြင့်ထုတ်ချေးသောချေးငွေစနစ်မရှိခြင်း၊
၂	မျိုးကောင်းမျိုးသန့်	မျိုးကောင်းမျိုးသန့်ရရှိရန်အလှမ်းဝေးခြင်း၊ဒေသမျိုးများကိုသာမွေးမြူကြခြင်း၊မွေးမြူရေးအသိပညာဗဟုသုတအားနည်း ခြင်း၊
၃	ရောဂါဆိုးရွားစွာကျရောက်ခြင်း	မွေးမြူရေးဝန်ဆောင်မှုအားနည်းခြင်း၊ကူးစက်ရောဂါကျရောက်တတ်ခြင်း၊တိရစ္ဆာန်ကျန်းမာရေးအသိပညာနည်းပါးခြင်းနှင့်ကာကွယ်ဆေးအချိန်မှီစွာ မထိုးနှံခြင်းကြောင့် ဖြစ်ပါသည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှရရှိသောသတင်း အချက်အလက်များ (၁၇-၁၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

၂.၂.၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

၂.၂.၃.၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင်လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း	၃			လက်သမားပန်းရံဆရာ
၅	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ)	၁			စက်ချုပ်
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၄			အိမ်ဈေးဆိုင်
၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)				
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော				

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင်လုပ်အား	ရုပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
	လုပ်ငန်းများ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
၁၃	ပညာရေး				
၁၄	ကျန်းမာရေး				
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
၁၇	ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင်လုပ်ကိုင်သူများ				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ	**၈**			

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်း မှ ရရှိသော သတင်း အချက်အလက်များ (၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

တစ်နေ့လျှင် (၃၀၀၀) ကျပ်ရရှိပြီး တစ်လလျှင်ပျမ်းမျှလုပ်ရက် (၂၀) ခန့်ရှိပါသည်။ တနှစ်ပတ်လုံးလုပ်ငန်းရှိပြီး ပျမ်းမျှ (၇၂၀၀၀၀) ကျပ်ခန့်ရရှိပါသည်။ တစ်မိသားစုတွင် (၂) ဦးခန့်လုပ်အားရှိပြီး ပျမ်းမျှ (၈-၁၀) လစာခန့် ဝမ်းစာဖူလုံမှုရှိပါသည်။

လက်သမား၊ ပန်းရံလုပ်ငန်းကို တွဲဖက်၍လုပ်ကိုင်ကြပြီး ခေါင်းဆောင်မှာတစ်နေ့လျှင် (၈၀၀၀) ကျပ်ရရှိပြီး အလုပ်ကြမ်းသမားမှာ တစ်နေ့လျှင် (၃၀၀၀-၆၀၀၀) ကျပ်ရရှိပါသည်။ တစ်လလျှင်ပျမ်းမျှလုပ်ရက် (၂၀) ခန့်ရှိပါသည်။ တနှစ်လျှင် (၆) လခန့်လုပ်ရပြီး လုပ်အားခပျမ်းမျှ (၇၂၀၀၀၀-၉၆၀၀၀၀) ကျပ်ခန့်ရရှိပါသည်။ ကျေးရွာတွင်း၌လုပ်ကိုင်ကြပြီး အခြားကျေးရွာများသို့ လည်းတခါတရံသွားရောက်လုပ်ကိုင်ပါသည်။

စက်ချုပ်အဓိကလုပ်ကိုင်သော အိမ်ထောင်စု (၁) စု ရှိပြီး ကျေးရွာတွင်း၌ ပွဲတော်ရှိသောရက်များတွင်သာချုပ်ရသဖြင့် ဝမ်းစာဖူလုံမှုမရှိပါ။ အိမ်စျေးဆိုင် (၄) ဆိုင်ရှိသည်။ ဆိုင်ကြီး (၁) ဆိုင်သာရှိပြီး၊ ဆိုင်သေးများသာ ရှိပါသည်။ ပင်လုံနှင့် လဲချားမြို့များသို့ သွားရောက်၍ ဝယ်ယူရပြီး (၂) ပတ်တစ်ကြိမ်ခန့် သွားရောက်ဝယ်ယူပါသည်။ တစ်လပျမ်းမျှ အမြတ်ငွေ (၅၀၀၀၀) ခန့်ရရှိပါသည်။

လက်လုပ်လက်စား များမှာ (၈-၁၀) လ ခန့်သာဝမ်းစာဖူလုံကြပြီး ကျန်လများတွင် လုပ်အား ခကြိုယူရခြင်း ၊ ဆွေမျိုးများထံမှချေးယူရခြင်း၊ ငွေချေးပေးသူများထံမှ ချေးယူရခြင်းများ ရှိပါသည်။ အချို့သော လက်လုပ်လက်စားများမှာယာအနည်းငယ်ရှိပြီး စိုက်ပျိုးရန်အရင်းအနှီးမရှိသဖြင့် စီးပွားဖြစ် မစိုက်ပျိုးနိုင်ကြပါ။ အရင်းအနှီးလုံလောက်စွာရရှိပါက ဝင်ငွေတိုးလုပ်ငန်းများပြုလုပ်လာနိုင်မည် ဖြစ်ပါ သည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
• ကုန်ချောပြုပြင်၍ထုတ်လုပ်ရန် သစ်သီးအမျိုးအစား များ ပေါများစွာရှိခြင်း။ • ရာသီဥတု အေးမြကောင်းမွန်ခြင်း။ • ဒေသတွင်းရှိမြို့များနှင့်အဆင်ပြေစွာ သွားလာနိုင်သော ကုန်းလမ်းခရီးရှိခြင်း။	• သီးနှံနှင့်ပတ်သက်၍ကုန်ချောအဆင့် တန်ဖိုးမြှင့် ထုတ်လုပ်ခြင်းမျိုးမရှိခြင်း။ • နည်းပညာမရှိခြင်း။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှရရှိသောသတင်းအချက်အလက်များ (၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

(၂.၃) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

အောက်ပါဇယားတွင် ဈေးကွက်လက်လှမ်းမီမှုကို ဖော်ပြထားပါသည်-

ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမှီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(ကီလိုမီတာ)	၁၂ မိုင်(ပင်လုံ)	၁၄ မိုင်(လဲချား)
သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့်၎င်း၏အထောက်အပံ့များ	ကား ၊ထော်လာဂျီ၊ ဆိုင်ကယ်	ကား ၊ထော်လာဂျီ၊ ဆိုင်ကယ်
ကုန်စည်အမျိုးအစားနှင့်ဝန်ဆောင်ပေးနိုင်မှု	စားသောက်ကုန်၊ကုန်ခြောက်၊ အဝတ်အထည်၊ဆောက်လုပ်ရေးပစ္စည်း၊စိုက်ပျိုးရေးပစ္စည်း၊ ဓာတ်မြေဩဇာ	စားသောက်ကုန်၊ကုန်ခြောက်၊ အဝတ်အထည်၊ဆောက်လုပ်ရေးပစ္စည်း၊စိုက်ပျိုးရေးပစ္စည်း၊ ဓာတ်မြေဩဇာ၊အလှကုန်၊ ပရိဘောဂ အသုံးအဆောင်
ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု	သွပ်မိုး၊အုတ်ကာ၊ပျဉ်ခင်း	သွပ်မိုး၊ အုတ်ကာ၊ အင်္ကတေခင်း

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှရရှိသောသတင်းအချက်အလက်များ (၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

လွိုင်လင်-လဲချား အဝေးပြေးလမ်းမပေါ်တွင်တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး ကောင်းမွန်ပါသည်။ ရွာမှထွက်ရှိသောကုန်ပစ္စည်းများကို (၁၂) မိုင်ခန့်ဝေးသော ပင်လုံဈေးနှင့် (၁၄) မိုင်ခန့်ဝေးသော လဲချားမြို့ဈေးများသို့ သွားရောက်ရောင်းချကြပါသည်။ လိုအပ်သော စားသောက်ကုန်၊ အိမ်ဆောက်ပစ္စည်းနှင့် စိုက်ပျိုးရေးပစ္စည်းများ စသည်တို့ကို ၄င်းဈေးများတွင် ဝယ်ယူရရှိနိုင်ပါသည်။ ဈေးအခြေခံအဆောက်အဦးများ ကောင်းမွန်ပြီး အရောင်းအဝယ် အဆင်ပြေပါသည်။

(၂.၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုးအစား	ပြန်လည်ပေးဆပ်ရမည့်ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန်အခက်အခဲများ
ကျေးရွာပြင်ပရှိငွေချေးပေးသူ	ချေးငွေ	သဘောတူညီမှုရှိသည့်ကာလ	၅ကျပ်	မလို	ယုံကြည်ရသူတစ်ဦးမှအာမခံပေးရ၊လိုအပ်သလောက်မရရှိ၊
အပေါင်ဆိုင်	ချေးငွေ	၃လ	၅ကျပ်	လို	လိုအပ်သလောက်မရရှိ
မိတ်ဆွေနှင့်ဆွေမျိုးများ	ချေးငွေ	၁လ	-	မလို	လိုအပ်သလောက်မရရှိ

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

နောင်လိုင်ကျေးရွာတွင်ငွေရေးကြေးရေးနှင့်ပတ်သက်၍ချေးငွေပေးသည့်အဖွဲ့အစည်းများဝင်ရောက်ခြင်းမရှိပါ။ နေ့စားမိသားစုများ နှင့် လက်လုပ်စားမိသားစု များမှာ (၃-၄) လစာခန့်သာဝမ်းစာဖူလုံပြီး ကျန်လများတွင် လုပ်အားခများကြိုယူရခြင်း၊ ငွေချေးပေးသူထံမှ ချေးယူရခြင်း ၊ အပေါင်ဆိုင်များတွင် ပစ္စည်းပေါင်နှံရခြင်း ၊ မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ချေးယူရခြင်းများရှိပါသည်။ သို့သော် လိုအပ်သလောက် မရရှိကြပါ။

(၂.၅) သဘာဝဘေးအန္တရာယ်လျော့ချခြင်းအပါအဝင် ပါတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု

(၂.၅.၁) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဝါထပ်သောနှစ်များ၌ မိုးခေါင်ခြင်းကို ကြုံတွေ့ရမှုများလာပြီး သစ်တောများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှု ပြုလုပ်ကြရမည်ဖြစ်သည်။

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှု	လတ်	မြေအနေထားပြုပြင်ရန်လိုအပ်ပါသည်။စပါးထွက်နှုန်း နည်း၊ သီးနှံထွက်နှုန်းကောင်း။
အပင်မျိုးစိတ်များ	လတ်	စီးပွားဖြစ်မရှိ ၊ အိမ်သုံးဆေးအတွက်လုံလောက်။
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	လတ်	စနစ်တကျမသုံးစွဲတတ်သေးသင်တန်းမရရှိ။ ရောဂါဆိုးဆိုးရွားရွားမကျရောက်။
ရေအရင်းအမြစ်	မြင့်	ချောင်းရေတဖြည်းဖြည်းနည်းလာ။
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	နိမ့်	စိုက်ပျိုးရေးပြန်အသုံးပြု ။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

(၂.၅.၂) သဘာဝဘေးအန္တရာယ်လျော့ချခြင်း

ဇယား(၂၆) သဘာဝဘေးအန္တရာယ်လျော့ချခြင်း

အမျိုးအစား	အန္တရာယ် ဖြစ်နိုင်ခြေ(နည်း/လတ်/များ)	လက်ရှိဘေးအန္တရာယ်လျော့ချရေးအလေ့အကျင့်များ
မီးဘေး	နည်း	မရှိ
မုန်တိုင်း	နည်း	မြို့နယ်မှစာထွက်လာလျှင်ကြိုတင်အကြောင်းကြားပေးခြင်း။
မိုးခေါင်ခြင်း	လတ်	မရှိ။
အအေးလှိုင်း	လတ်	ဘုန်းကြီးကျောင်းမှ ကြေငြာပေး။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

(၂.၆) ပညာရေးနှင့်စာတတ်မြောက်မှု

(၂.၆.၁) စာတတ်မြောက်မှု

ကျောင်းတက်နှုန်းနှင့် စာတတ်မြောက်မှုအခြေအနေကို အောက်ပါဇယား၌တွေ့ရမည် ဖြစ်ပါသည်။

ဇယား(၂၇) စာတတ်မြောက်မှု

အထက်တန်းပညာ ပြီးဆုံးသူ (၁) ဦး နှင့် တက္ကသိုလ်ပညာ ပြီးဆုံးသူ (၁) ဦးရှိပါသည်။

ပညာရေး	ကျား	မ	ပေါင်း	၅နှစ်နှင့်အထက်၊ ကျောင်းနေလူဦးရေ၏ %
လုံးဝကျောင်းမနေသူများ	၄၃	၈၅	၁၂၈	၄၅.၁%
ဘာသာရေးအခြေပြုပညာရေး	၅၈	၁	၅၉	၂၀.၈%
မူလတန်းပညာရေးပြီးဆုံးသူများ	၄၆	၄၉	၉၅	၃၃.၅%
အလယ်တန်းပညာရေးပြီးဆုံးသူများ	၃၇	၃၇	၇၄	၂၆.၁%
အထက်တန်းပညာရေးပြီးဆုံးသူများ	၄	၉	၁၃	၄.၆%
တက္ကသိုလ်ပညာပြီးဆုံးသူများ	-	-	-	
၅ နှစ်အထက်လူဦးရေပေါင်း	**၁၂၅**	**၁၅၉**	**၂၈၄**	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

အထက်တန်းပညာ ပြီးဆုံးသူ (၁) ဦးနှင့် တက္ကသိုလ်ပညာပြီးဆုံးသူ (၁) ဦးရှိပါသည်။ ယခင်ကအမျိုးသမီးအများစုမှာလည်း မူလတန်းပညာကို ပြီးမြောက်အောင်မသင်ကြားရဘဲ ဒုတိယတန်းအထိသာ ပညာသင်ကြားနိုင်ကြပါသည်။ ထို့အပြင် စနစ်တကျ သင်ကြားနိုင်ခဲ့ခြင်းမရှိသဖြင့် စာမတတ်သူ အလွန်များပြားပါသည်။ ကျေးရွာအတွင်း၌ရှိမ်းစာပေကို နွေရာသီ (၂) လ၌ သင်ကြားပေးပါသည်။ ဘုန်းကြီးကျောင်း၌လည်း ကိုရင်လေးများကို ရှမ်းစာပေကို သင်ကြားပေးပါသည်။

(၂.၆.၂) ကျောင်းအပ်နှုန်း

ဇယား(၂၈) ကျောင်းအပ်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ်လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၉	၄၉	၅၈	၈၉.၂%
အလယ်တန်း(၁၀-၁၄နှစ်)	-	၆	၆	၈.၅ %
အထက်တန်း(၁၅-၁၆နှစ်ကြား)	-	၁	၁	
တက္ကသိုလ်ကျောင်းသား၊သူ	၁	၁	၂	
စုစုပေါင်း	**၁၀**	**၅၇**	**၆၇**	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

အောက်တွင် ဖော်ပြထားသည်များမှာ ကျေးရွာမူလတန်းကျောင်း၏ လက်ရှိအခြေ အနေများဖြစ်ပါသည်။

(၂.၆.၃) စာသင်ကျောင်းဆောင်အခြေအနေ

ဇယား(၂၉) စာသင်ကျောင်းဆောင်အခြေအနေ

အောက်တွင် ဖော်ပြထားသည်များမှာ ကျေးရွာမူလတန်းလွန်ကျောင်း၏ လက်ရှိအခြေအနေများဖြစ်ပါသည်။

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်းကျောင်း(ခွဲ)		
ရွာမှအကွာအဝေး(ကီလိုမီတာ)	ကျေးရွာတွင်း			ပင်လုံ၊လွိုင်လင်		
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေကျင်			ကား		
စာသင်ကျောင်းအရွယ်အစား(အလျား၊ အနံ၊အမြင့်)	၁၂၀x၃၀x၁၂			-		
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ			-		
ကျောင်းသုံးပရိဘောဂ(လုံလောက်မှု ရှိ/မရှိ)	မရှိ					
ကျောင်းဆရာ/မဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
	-	၆	၆	-	-	-

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

အခြေခံပညာမူလတန်းကျောင်းရှိပြီး ကျောင်းသူ/ကျောင်းသား (၅၈) ဦးနှင့်ဆရာမ (၆) ဦးရှိပါသည်။ ကျောင်းဆောင်တစ်ဆောင်ရှိပြီး သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ တစ်ထပ်ကျောင်းဆောင်ဖြစ်ပါသည်။ ကျောင်းဆောင်မှာ ၁၉၈၆ ခုနှစ်ကယူနီဆက်မှ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး (၂၉) နှစ်ကျော်ကြာမြင့်ခဲ့သဖြင့် ကျောင်းဆောင်မှာ နံရံများကွာကျခြင်း၊ အခင်းများပျက်စီးနေသဖြင့် ပြုပြင်ရန်လိုအပ်လျှက် ရှိပါသည်။ကျောင်းပရိဘောဂများမှာ ကာလကြာပြီဖြစ်၍ပျက်စီးကာ လုံလောက်မှုမရှိပါ။ ဆရာမများအသုံးပြုရန်အတွက် ကျောင်းအိမ်သာ (၂) ခန်းတွဲတစ်လုံးကိုရွာမှဆောက်လုပ်ပေးခဲ့ပြီး ကျောင်းသူ/သားများ အသုံးပြုသည့်အိမ်သာမှာ ပျဉ်ခင်း၊ ပျဉ်ကာဖြစ်ကာ ပျက်စီးနေသဖြင့် ကျောင်းအိမ်သာလည်း လိုအပ်လျှက်ရှိပါသည်။ ကျောင်းသောက်ရေကန်ရှိပြီး ကျောင်းသားများအလှည့်ကျခပ်ရပါသည်။ ကျောင်းမှာတောင်ကုန်း ပေါ်တွင်ရှိ၍ရေတွင်းတူးရန် အဆင်မပြေပါ။ ဆရာမများနေထိုင်ရန်အတွက် ကျေးရွာမှစီစဉ်ထားပေးပြီး ဝန်ထမ်းအိမ်ယာလိုအပ်လျှက်ရှိပါသည်။ ကျောင်း (အသေးသုံး) ရံပုံငွေအဖြစ် ၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့ဘဏ်မှ (၈) သိန်းကျပ် ပံ့ပိုးပေးထားပြီးကျောင်းခြံစည်းရိုးကာရန်အတွက် ခြံစည်းရိုးကျောက်တိုင်များ ဝယ်ယူခဲ့ပါသည်။

(၂.၆.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား(၃၀) ပညာရေးအခက်အခဲနှင့်ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/ မဦးရေ	၆
ဆရာ - တပည့်အချိုး	၁၀
မူလတန်းပညာ ကျောင်းထွက်နှုန်း	၅၀ %
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိပါ။
ကျောင်းသုံးစာအုပ်နှင့်စာရေးကရိယာ	မူလတန်းပညာရေး ပညာရေးဌာနမှ ဗလာစာအုပ် ၁၂အုပ် ဖတ်စာအုပ်၁စုံ ၀တ်စုံ၁စုံ ပံ့ပိုးမူရရှိ ကျောင်း အပ်နှံချိန်တွင် ကျောင်းစရိတ်မပေးရ ။ ပညာရေး ဌာနမှ မကောက်ခံ ၂ နှစ်ရှိပြီဖြစ်။
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	ကျောင်းအပ်နှံချိန်တွင်ကျောင်းစရိတ်မပေးရပညာရေး ဌာနမှ မကောက်ခံ ၂ နှစ်ရှိ
မိဘဆရာအသင်း၏အခန်းကဏ္ဍ	နှစ်ပတ်လည်အခမ်းအနားပြုလုပ်၊ပူးပေါင်းဆောင်ရွက်

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

(၂.၇) ကျန်းမာရေးနှင့်အာဟာရ

(၂.၇.၁) အဖြစ်များသောရောဂါ

ဇယား(၃၁) အဖြစ်များသောရောဂါ

၁.သွေးတိုး	၂. ရာသီတုပ်ကွေး	၃. ဆီးချိုရောဂါ	၄.

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

(၂.၇.၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား(၃၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ကျန်းမာရေးဝန်ဆောင်မှု	ခရီးအကွာအဝေး(ကီလိုမီတာ)	အခန်း/ကုတင်(လုံလောက်မှုရှိ/မရှိ)	ကျန်းမာရေးဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သောအသုံးအဆောင်ပစ္စည်းများ(လုံလောက်မှု/မလုံ လောက်မှု)	မှတ်ချက်
ကျေးလက်ကျန်းမာရေးဌာနခွဲ	ကျေးရွာအတွင်း	မရှိ	ကြီးကြပ် (၂)- ၁ ဦး သားဖွားဆရာမ- ၁ ဦး	မရှိ	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

၁၉၉၈ ခုနှစ်က ဆေးပေးခန်းကို ကျေးရွာမှယာယီဆောက်လုပ်ထားပေးပါသည်။ ကျန်းမာရေးဌာနမှ ၂၀၁၃ ခုနှစ်မှစ၍ ဆေးပေးခန်းဆောက်လုပ်ရန် ကျေးရွာနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ဆေးများသိုလှောင်ရန် ဗီဒိုနှင့် ဆေးပစ္စည်းတင်မည့် စားပွဲ၊ ကုလားထိုင်နှင့် လူနာကုတင်များ၊ ကလေးမွေးဖွားရန် ကုတင်များ မရှိသေးပါ။ ကျန်းမာရေးစောင့်ရှောက်မှုရရှိသော်လည်း ကျန်းမာရေး ပညာပေးများပြုလုပ်ရန်လိုအပ်လျက်ရှိပါသည်။ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ သင်တန်းပေးထားသော အရံသားဖွားတစ်ဦးရှိသော်လည်း ယခုအခါ ထိုင်းနိုင်ငံ၌ကလေးထိန်းအလုပ်သွားရောက်အလုပ်လုပ်ကိုင်ပါသည်။

(၂.၈) သောက်သုံးရေနှင့်သန့်ရှင်းရေးအခြေအနေ

(၂.၈.၁) သောက်သုံးရေရရှိမှု

ဇယား(၃၃) သောက်သုံးရေရရှိမှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိလုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
စိမ့်စမ်းရေ	၂၅	ကောင်း	√	√	√	
ရေလှောင်ကန်	၂	ကောင်း	√	√	√	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

နောင်လိုင်ကျေးရွာတွင် သောက်သုံးရေအတွက် တွင်းရေနှင့် ကန်ရေကို အသုံးပြုကြပါသည်။ ကျေးရွာတွင်း၌ ရေတွင်း (၂၅) တွင်းရှိပြီး ၊ သောက်သုံးရေကန် (၂) ကန်ရှိပါသည်။ ရွာ၏အောက်ပိုင်းတွင်သာ ရေတွင်းတူး၍ရပြီး တောင်ကုန်းဘက်အပိုင်းတွင် တူး၍မရပါ။ ရေတွင်းတူးမရသော အိမ်ခြေများမှာ အခြားအိမ်များနှင့် ရေကန်မှရေကို ခပ်ယူ၍ အသုံးပြုကြပါသည်။ ရေတွင်းများမှာ

မိုးနှင့်ဆောင်းရာသီတွင်သာရေရရှိပြီး အချို့ရေတွင်းများမှာ နွေရာသီတွင်ရေမရရှိပါ။ ရေကန်တစ်ကန်မှာနွေရာသီတွင်ရေလုံလောက်မှုမရှိပါ။တစ်ကန်မှာ ရေသွယ်ယူခြင်းပြုလုပ်၍ ရနိုင်ပါသည်။

(၂.၈.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား(၃၄) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား	သုံးစွဲနိုင်သောအိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၂၈	သန့်ရှင်းမှုရှိ။
ကျင်းအိမ်သာ	၁၂၄	ကျန်းမာရေးပညာပေးများပြုလုပ်ပေးသော်လည်းကျင်းအိမ်သာများကိုသာအသုံးပြုကြသည်။တချို့မှာသန့်ရှင်းမှုမရှိ။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာတွင်း၌ ယင်လုံအိမ်သာ (၂၈) လုံးနှင့် ကျင်းအိမ်သာ (၁၂၄) လုံးရှိပါသည်။ ကျင်းအိမ်သာများမှာ စနစ်တကျ ဆောက်လုပ်ထားကြပါသည်။ ယင်လုံအိမ်သာအသုံးပြုသည့် အလေ့အကျင့်ရရှိရန် ကျန်းမာရေးပညာပေးများ ပုံမှန်ပြုလုပ်ရန်လိုအပ်ပါသည်။

(၂.၉) လမ်းတံတားတည်ရှိမှု

(၂.၉.၁) ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

ဇယား(၃၅) ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

လမ်းတံတားအမျိုးအစား	အမျိုးအစား (၁၊၂၊၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက်သုံးစွဲနိုင်မှု		လမ်းအရှည်(ကီလိုမီတာ)
				ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး	
လမ်း	မြေသားလမ်း	ဆိုး	ရွာပတ်လမ်းကျေးရွာစတည်ကတည်းကရွာရေကန်၂ကန်ဖြတ်ဝင်လမ်း		✔	ရွာပတ်လမ်း၁မိုင်ရွာလယ်လမ်း၇၇၀၀'

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာပတ်ဝင်သော လမ်းတွင် တံတားအသေး (၃) စင်း ရှိပါသည်။ ရေကြီးချိန်တွင် ဖြတ်သန်းသွားလာ၍မရပါ။ မြေသားလမ်းဖြစ်သောကြောင့် လမ်းရေကျော်၍ လမ်းဆိုးသောအနေ

ထားရှိပါသည်။ မိုးကြီးချိန်များတွင် လမ်းရေကျော်ခြင်းများဖြစ်၍ ကားများသွားလာရ ခက်ခဲမှုရှိပါသည်။ ကျောက်ခင်းလမ်းခင်းရန် လိုအပ်လျက်ရှိပါသည်။ ကန်ဖြတ်လမ်း(ရွာလယ်လမ်း)မှာ ၂၀၁၂ ခုနှစ်ကတည်းက ကျေးရွာမှကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ခဲ့ပါသည်။ ကျေးရွာအတွင်းရေပြွန်တံတားတစင်း ရှိပါသည်။ ရေကြီးချိန်တွင် ရေကျော်နိုင်သဖြင့် လမ်းပျက်စီးမှု မကြာခဏဖြစ်ပေါ်ပြီး (၂၀၁၂) ခုနှစ် ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် မြေသားရေပြွန်ပြု လုပ်ထားခြင်းဖြစ်ပါသည်။ မိုးရာသီတွင် ကျေးရွာလမ်းချော်၍ သွားလာရခက်ခဲပါသည်။ နှစ်စဉ်ပြုပြင်နေရပါသည်။ နှစ်စဉ်လမ်းပြုပြင်ရန်အိမ်ထောင်စုတိုင်း ငွေကြေးထည့်ဝင်ရပါသည်။တစ်အိမ်ထောင်စု (၁၀၀၀) ကျပ်ထည့်ဝင်ရပါသည်။

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

(၂.၉.၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (ကီလိုမီတာ)	ယာဉ်အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု	
			ပွင့်လင်း ရာသီ	တစ်နှစ် ပါတ်လုံး
မြစ်ကြောင်း	–	–	–	–
ပင်လယ်ရေကြောင်း	–	–	–	–

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

၁ – လှေ၊သမ္ဘာန် ၂ - မော်တော် ၃ - သဘော်

(၂.၉.၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဘာန်	ဆိုင်ကယ်	မော်တော် ဆိုင်ကယ်	သုံးဘီး၊ ထော်လာကျီ	ဘတ်စ်ကား	လှေ	မြင်းလှည်း
အရေအတွက်	–	–	၁၂၁	–	၂	–	–	–

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

(၂.၁၀) လျှပ်စစ်မီးရရှိမှု

ဇယား(၃၈) လျှပ်စစ်မီးရရှိမှု

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ၊မရှိ
ဆိုလာစနစ်	၂၀	ကောင်း	ရှိ

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

(၂.၁၁) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား(၃၉) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာနှင့်ဂျာနယ်	အခြား
အရေအတွက်	၁၂၈	၅	၅၈	-	-	-

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

(၂.၁၂) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား(၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအားလက်လှမ်းမှီမှု	မရှိ	အပန်းဖြေနေရာမရှိ ရွာအတွင်းရှိ ရေကန်တွင်သွားထိုင်ကြ၊ သူငယ်ချင်းအိမ်တွင်လည်ပတ်ကြပါသည်။
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	သာရေးနာရေးပွဲများတွင်ပါဝင်ကူညီကြပါသည်။ကျွေးမွေးဧည့်ခံရာနေရာတွင်လည်းပါဝင် ကူညီကြပါသည်။
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	လပြည့်လကွယ်အဖိတ်ဥပုဒ်နေ့များတွင်ဘုန်းကြီးကျောင်း၌ကူညီ၊ ဝါတွင်း ၃လ ဝေယျာဝစ္စလုပ်ဆောင်။
အားကစားအဆောင်အယောင်များအားလက်လှမ်းမှီမှု	ရှိ	ကစားကွင်းမရှိ၊လယ်ကွက်မြက်ခင်းပြင်တွင်ကစားကွင်းအဖြစ်ကစား၊ တခါတရံ ခြင်းလုံးခတ်ပါသည်။ နှစ်သစ်ကူးပွဲတော်တွင် ဘောလုံးကန်ကြပါသည်။ ပြိုင်ပွဲမဝင်ကြပါ။
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများရှိပါကပါဝင်ကူညီဆောင်ရွက်ပေးခြင်း။

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ	နှစ်စဉ်ရှမ်းနှစ်သစ်ကူးပွဲတော်ပင်လုံမြို့တွင် ကျင်းပ၊ရိုးရာဝတ်စုံများတူညီစွာဝတ်ဆင်ကြပြီးပါဝင်၍ ရှမ်းအိုးစည်အကဖြင့် ဖျော်ဖြေကြပါသည်။ နွေရာသီတွင် ရှမ်းစာပေသင်ကြားကြပါသည်။ ကျေးရွာမှရှမ်းစာပေ သင်ကြားပေးရန် ကျား၃ ဦးမ ၁ဦး ပင်လုံတွင်တနှစ်နှစ်ကြိမ် ဆရာဖြစ်သင်တန်းတက်ရောက် ထားကြပါသည် ။
စာကြည့်တိုက်၊အင်တာနက်စသည်များ အားလက်လှမ်းမှီမှု	မရှိ	စာကြည့်တိုက်စီစဉ်နေပြီးအင်တာနက်လက်လှမ်းမမီ၊ ဂျာနယ်ဖတ်အလေ့အကျင့်မရှိ ။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

ရှမ်းစာပေယဉ်ကျေးမှုကို ခေတ်အဆက်ဆက်ထိန်းသိမ်းလာကြပြီး ရှမ်းစာပေကိုရွာရှိဘုန်းကြီးမှဦးဆောင်၍ သင်ကြားပေးလျက်ရှိပါသည်။ ၂၀၁၀ ခုနှစ်တွင် လူငယ်များ ဆရာ ဖြစ်သင်တန်းကို ပင်လုံသို့ (၃) ရက်တက်ရောက်ပြီး ရွာတွင် ပြန်လည်သင်ကြားပေးခဲ့သည်။ ၂၀၁၃ခုနှစ်တွင် နမ့်စန်တွင် (၁၅) ရက် သင်တန်းထပ်မံတက်ရောက်ရပါသည်။ ၂၀၁၄ ခုနှစ်တွင် နမ့်စန်၌ ဒုတိယအကြိမ် ဆရာဖြစ်သင်တန်း ကို ကျား(၃)ဦး၊ မ(၁)ဦး ထပ်မံတက်ရောက်ရပါသည်။သူငယ်တန်းမှ ငါးတန်းအထိရှိ၍ ရှမ်းလူမျိုး၊ရှမ်းစာပေ၊ ယဉ်ကျေးမှုမပျောက်ပျက် စေရန်၊ ကာကွယ်ထိန်းသိမ်းရန် အရေးကြီးကြောင်း၊ ရိုးရာဓလေ့ထိန်းသိမ်းရန်လိုကြောင်း နားလည်ထားကြပါသည်။ ရှမ်းနှစ်သစ်ကူးပွဲတော်မှာ ရှမ်းလူမျိုးများ စည်းလုံးမှုရှိကြောင်း အလေးထားကြောင်း ပို၍တွေ့ရှိနိုင်ပါသည်။နှစ်စဉ် ရွာဦးစေတီပွဲ ကျင်းပပြီး နတ်တော်လဆန်း (၁-၂) ရက်သည် ရှမ်းနှစ်သစ်ကူးပွဲတော်ရက် ဖြစ်ပါသည်။ နွေရာသီရှမ်းစာပေ (၂) လတာ သင်ကြားပြီး ဆုပေးပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပ၍ ရှမ်းအတီးအမှုတ်၊ ရှမ်းဇာတ်အဖွဲ့ (လူငယ်အဖွဲ့) ကပြဧည့်ခံ ဖျော်ဖြေကြပါသည်။ အရွယ်ရောက်ပြီး ကလေးတိုင်းတက်ရောက်သင်ကြားရပြီး တစ်နှစ်တာပြီးလျှင် အောင်လက်မှတ်ပေး၍ အသိအမှတ်ပြုပေးပါသည်။ကျေးရွာတွင် အိမ်ထောင်ပြုပြီးပါက လူလတ်အဖြစ်သတ်မှတ်ကြပါသည်။ ကျေးရွာတွင် လူငယ်ခေါင်းဆောင်ထားရှိပါသည်။ သို့သော် ကျေးရွာအုပ်ချုပ်ရေးနှင့် ရပ်မိရပ်ဖတို့ဖြင့် ပေါင်းစပ်ကာ ကျေးရွာသာရေးနာရေးများ လုပ်ငန်းများကို ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်လေ့ ရှိကြပါသည် ။

(၂.၁၃) ကျေးရွာဘေးကင်းလုံခြုံမှုအခြေအနေ

(၂.၁၃.၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမှီမှု

ဇယား(၄၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမှီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးများအား လက်လှမ်းမှီမှု	ရှိ	တယ်လီနောဖုန်းလိုင်းသုံးကြပါသည်
အာမခံလုပ်ငန်းများအားလက်လှမ်းမှီမှု	မရှိ	ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည်များ ဗဟုသုတမရှိပါ။ လက်လှမ်းမမှီပါ။
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်	ရှိ	အရံမီးသတ်တပ်ဖွဲ့ရှိ၊မီးဘေးကြိုတင်ကာကွယ်ရေးလှုံ့ဆော်ခြင်း။
ရဲစခန်းများအား လက်လှမ်းမှီမှု	ရှိ	မြို့နယ်ရဲစခန်းနှင့်နီးပါသည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၁၇-၁၉ ၊စက်တင်ဘာလ၊ ၂၀၁၅)

(၂.၁၃.၂) မှုခင်းဖြစ်ပွားမှု

ဇယား(၄၂) မှုခင်းဖြစ်ပွားမှု

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	၂	၂	၁	၂

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

Note:

၁။ စိုးရိမ် ၂။ သာမန်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ

အလားအလာများ	ရှင်းလင်းဖော်ပြချက်
၁။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု • တူညီသောလူမျိုးစု၊ယုံကြည်မှု၊ ဘာသာကိုးကွယ်မှုရှိခြင်း • ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်းများရှိခြင်း	• ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင်အရေးကြီးဆုံးအချက်ဖြစ်သည့် စည်းလုံးညီညွတ်မှုကို အားကောင်းမှုဖြစ်စေပါ သည်။
၂။ စိုက်ပျိုးရေး (သီးနှံ) • ရာသီဥတုကောင်းမွန်ခြင်း • နှစ်ရှည်သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းနိုင်ခြင်း • တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန်အလားလာကောင်းသောထွက်ကုန်များရှိခြင်း • ဈေးကွက်များရှိ ခြင်း • လမ်းပန်းဆက်သွယ်ရေးကောင်းမွန် ခြင်း	• နှစ်ရှည်သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းနိုင်သောသဘာဝအရရာသီဥတု ကောင်းမွန်ပါသည်။ • ဒေသမှထွက်သောထွက်ကုန်များစွာမှာလက်ရှိမှာလည်းတန်ဖိုးမြှင့်ထုတ်ကုန်များ ထုပ်လုပ်နိုင်ပြီး နောက်ထပ်လည်းထုတ်လုပ်နိုင်ရန်အလားလာကောင်များရှိပါသည် • ၄င်းပစ္စည်းများကို ရောင်းချနိုင်ရန်ဈေးကွက်များလည်းရှိပြီး ပစ္စည်းများကို သယ်ယူပို့ဆောင်ရန်လမ်းပန်းဆက်သွယ်ရေးလည်းကောင်းမွန်ပါသည်။ • ၄င်းပစ္စည်းများထုတ်လုပ်နိုင်ရန် လုပ်သားအင်အားလည်းပေါများပြီး စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာမှလည်း နည်းပညာပိုင်းပံ့ပိုးမှုများရှိပါသည်။
၃။ မွေးမြူရေး • ကျွဲနွားစားကျက်မြေပေါများစွာရှိခြင်း • စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်နိုင်ရန်တိရိစ္ဆာန်အစာရေစာပေါများခြင်း • မွေးမြူရေးထွက်ကုန်များအတွက်ဈေးကွက်များရှိခြင်း	• မွေးမြူရေးလုပ်ငန်းများကို တွင်ကျယ်စွာ ပြုလုပ်နိုင်ရန် အဓိကဖြစ်သော တိရိစ္ဆာန်စားကျက်မြေများနှင့် သောက်သုံးရေ လုံလောက်စွာရှိပါသည်။ • အလားတူမွေးမြူရေးလုပ်ငန်းမှထုတ်ကုန်များအတွက် ဈေးကွက်ကလည်းအနီးနားပတ်ဝန်းကျင်တွင်တည်ရှိနေပါသည်။
၄။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ • သစ်သီးပင်များနှင့် ဝါးပင်များစိုက်ပျိုးရန်အတွက်ရာသီဥတုကောင်းမွန်ပြီး၍သစ်သီးအမျိုးအစားပေါင်းများစွာစိုက်ပျိုး	• အလားလာတစ်ခုမှာ အခြားသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်းလေ့လာသင်ယူလိုစိတ်ရှိကြခြင်းဖြစ်ပါသည်။

အလားအလာများ	ရှင်းလင်းဖော်ပြချက်
နိုင်ခြင်း။ • ကုန်ချောများထွက်ရှိပါက ရောင်းဝယ်ဖောက်ကားနိုင်ရန် နိုင်ငံအတွင်းမြို့များအားလုံး နှင့်တရုတ်နိုင်ငံ၊ထိုင်းနိုင်ငံတို့ နှင့် သွားလာနိုင်သောလမ်း ပန်းဆက်သွယ်ရေးကောင်းမွန် ခြင်း။ • လယ်ယာထွက်ကုန်များမှသစ် သီးအခြောက်ခံမှု များ ပြုလုပ် နိုင်ခြင်း။	
၅။ ကျေးရွာတွင်းအခြေခံအ ဆောက်အဦ • လုပ်အားစိုက် ထုတ်နိုင်ခြင်း • လမ်းတံတားများ၏ အရေးပါမှု ကိုသိရှိခြင်း	• ကျေးရွာအတွင်းအခြေခံအဆောက်အဦ ကဏ္ဍပိုင်းဖွံ့ဖြိုး တိုးတက်အောင်လုပ်ဆောင် ရာတွင် ကျေးရွာသူ ကျေးရွာ သားများအနေဖြင့် ၄င်းတို့၏ လုပ်အားများ စိုက်ထုတ်ရန် စိတ်အားထက်သန်ကြပြီးအခြေခံအဆောက်အဦးပိုင်း၏ အရေးပါမှုကိုလည်း နားလည်သဘောပေါက်ကြပါသည်။

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
၁။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု • ကျေးရွာသားအများစုမှာမြန်မာစကား ကိုကောင်းမွန်စွာမပြောဆိုတတ်ခြင်း၊ နားမလည်ခြင်းများရှိ၍ပြင်ပအဖွဲ့အ စည်းများနှင့်ဆက်ဆံရာတွင်နား လည်မှုပိုင်းဆိုင်ရာတွင်အခက်အခဲကြုံ နှင့်တွေ့ကြရပါသည်။	• ကျေးရွာဖွံ့ဖြိုးရေးအတွက် ရေရှည်ဆောင်ရွက်မည့်၊ တာဝန်ခံမှုရှိသည့် အဖွဲ့အစည်းစနစ်များ ဖွံ့ဖြိုးတိုး တက်ဖြစ်ပေါ်လာရန် အကူအညီများ စဉ်ဆက်မ ပြတ်ရရှိရန်လိုအပ်ခြင်း
၂။ စိုက်ပျိုးရေး (သီးနှံ) • မြေဆီလွှာထိန်းသိမ်းမှုအားနည်း ခြင်း။ • ဒေသထွက်ညှဉ်ဖျင်းသည့်မျိုးစေ့များကို သာသုံးစွဲကြခြင်း။ • နည်းပညာပိုင်းဆိုင်ရာ အချက်အလက် အားနည်းခြင်း။	• မိရိုးဖလာကျွမ်းကျင်မှုရှိသော စိုက်ပျိုးခြင်းများကို သာလုပ်ကိုင်ဆောင်ရွက်ကြပြီးစိုက်ပျိုးနည်းစနစ် များကိုလည်း မတတ်ကျွမ်းကြခြင်း။

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
၃။ မွေးမြူရေး • စနစ်တကျ မွေးမြူသည့်နည်းစနစ် မသိရှိခြင်း • တိရိစ္ဆာန်အစာရေစာများကိုစနစ်တကျထိန်းသိမ်းမှုအားနည်းခြင်း	• တဖက်တလမ်းကဝင်ငွေတိုးစေသောမွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်မှုအားနည်းရခြင်းမှာစနစ်တကျမွေးမြူသည့်နည်းစနစ် မသိရှိခြင်းနှင့်တိရိစ္ဆာန်အစာရေစာများကိုစနစ်တကျမထိန်းသိမ်းမှုတတ်ခြင်းတို့ကြောင့်ဖြစ်ပါသည်။
၄။ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ • တခြားသောကုန်သွယ်မှုလုပ်ငန်းများတွင်အတွေ့အကြုံမရှိခြင်း။ • လုပ်ငန်းသစ်များဆောင်ရွက်ရန်အတွက်စွန့်ဦးတီထွင်လိုစိတ်နည်းခြင်း။	• လယ်ယာထွက်ကုန်များမှတန်ဖိုးမြှင့်ထုတ်လုပ်ခြင်းမျိုးမရှိခြင်း။
၅။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး • ရေရှည်အတွက် သစ်တောထိန်းသိမ်းရန်အသိပညာအားနည်းခြင်း	• နောင်လာမည့်မျိုးဆက်များအတွက်သစ်တောသစ်ပင်များကိုထိန်းသိမ်းရမည်ကိုသိမြင်မှုအားနည်းခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ(၁၇-၁၉၊စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

ဇယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ပြဿနာ	ပြဿနာအရင်းအမြစ်	အလားအလာ	အတားအစီး/စိန်ခေါ်မှု	ဖြေရှင်းနိုင်မည့် နည်းလမ်း	စီမံကိန်း
အုပ်ချုပ်ရေးဖွံ့ဖြိုးတိုးတက်မှု • ကျေးရွာအုပ်ချုပ်ရေးပိုင်းတွင် တက်ကြွစွာပူးပေါင်းပါဝင်မှုအားနည်းခြင်း	• ကျေးရွာအုပ်ချုပ်ရေးပိုင်းတွင်ပူးပေါင်းပါဝင်တတ်သည့်အလေ့အထမရှိခြင်း	• အမျိုးသားရေးလက္ခဏာမများခိုင်မာမှုရှိကြပြီးယဉ်ကျေးမှုထိန်းသိမ်းကြပါသည်။ • တူညီသောလူမျိုးစု၊ ယုံကြည်မှု၊ဘာသာကိုးကွယ်မှုရှိခြင်း • ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်းများရှိခြင်း	• ကျေးရွာသားအများစုမှာ မြန်မာစကားကိုကောင်းမွန်စွာ မပြောဆိုတတ်ခြင်း၊ နားမလည်ခြင်းများရှိ၍ ပြင်ပအဖွဲ့အစည်းများနှင်ဆက်ဆံရာတွင်နားလည်မှုပိုင်းဆိုင်ရာတွင်အခက်အခဲနှင့်ကြုံတွေ့ကြရပါသည်။	❖ ရပ်မိရပ်ဖ၊လူငယ်များ၊အမျိုးသမီးများပါဝင်သောကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း။	• ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည်တိုးတက်အောင်ဆောင်ရွက်ခြင်း
<u>စိုက်ပျိုးရေးကဏ္ဍ</u> • တောင်ကုန်းတောင်တန်းများပေါများ၍ စိုက်ပျိုးရန်မြေနေရာနည်းပါး	• စိုက်ပျိုးရေးအတွက်တိုးချဲ့ရန်မြေနေရာမရှိခြင်း။ • စိုက်ပျိုးရေးဌာနနှင့်ဆက်သွယ်ဆောင်	• သီးနှံများနှင့်ဥယျာဉ်ခြံမြေများစိုက်ပျိုးရန်သင့်လျော်သောရာသီဥတုအခြေအနေရှိခြင်း။	• သစ်တောမြေများလျော့နည်းလာခြင်း။ • မြေဆီလွှာထိန်းသိမ်းမှုအားနည်းခြင်း။ • ဒေသထွက် ညှဉ့်ဖျင်းသည့်	• မြေဆီလွှာထိန်းသိမ်းခြင်း။ • ကော်ဖီ၊လက်ဖက်၊ ရာဘာ၊ လိမ္မော်၊ သစ်တော်သီး၊ သီ	• အရင်းအနှီးမျိုးကောင်းနှစ်ရှည်ပင်(ထောပတ်၊သရက်၊ လိမ္မော်) • လက်တွန်းထွန်

ပြဿနာ	ပြဿနာအရင်းအမြစ်	အလားအလာ	အတားအစီး/စိန်ခေါ်မှု	ဖြေရှင်းနိုင်မည့် နည်းလမ်း	စီမံကိန်း
ခြင်း။ • စိုက်ပျိုးရေးနည်းပညာမရရှိခြင်း။ • စိုက်ပျိုးရေးအတွက်မျိုးကောင်းမျိုးသန့်များမရရှိခြင်း။ • စိုက်ပျိုးရေးအရင်းအနှီးနည်းပါးခြင်း။ • အစားထိုးသီနှံစိုက်ပျိုးရေးအတွက်နည်းပညာနည်းပါးခြင်း။ • ဈေးကွက်လက်လှမ်းမှီမှုမရှိခြင်း။	ရွက်မှုမရှိခြင်း။ • ထိုင်းနိုင်ငံရှိစက်ရုံများသို့ သွားရောက်ရန်စိတ်ဝင်စားမှုပိုများခြင်း။ • ၂၀၁၄ခုနှစ်မှစ၍ပုံစံ(၇)သတ်မှတ်လိုက်၍စိုက်ပျိုးစရိတ်ချေးငွေမရရှိတော့ခြင်း။ • နည်းပညာသင်တန်းများပို့ချသည့်အဖွဲ့အစည်းမရှိခြင်း။	❖ ပို့ဆောင်ဆက်သွယ်ရေးအခြေအနေကောင်းမွန်ခြင်း။	မျိုးစေ့များကိုသာသုံးစွဲကြခြင်း။ ❖ နည်းပညာပိုင်းဆိုင်ရာအချက်အလက်အားနည်းခြင်း။	ဟိုရ်ပင်များကဲ့သို့ သောနှစ်ရှည်သီးနှံပင်များစိုက်ပျိုးရန် အားပေးခြင်း။ • အထက်ပါကုန်ကြမ်းများကိုအသုံးပြုပြီး အစားအသောက်တန်ဖိုးမြှင့်ထုတ်ကုန်များနှင့်အခြားပစ္စည်းများထုတ်လုပ်သောစက်ရုံအလုပ်ရုံများဖွံ့ဖြိုးလာစေရန်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတိုးတက်အောင်ဆောင်ရွက်ခြင်း။ • ကောင်းမွန်သောမျိုးစေ့များနှင့် အပင်များဖြန့်ဖြူးပေးခြင်း	စက်အသေး • မျိုးကောင်းမျိုးသန့် (မျိုးစေ့)

ပြဿနာ	ပြဿနာအရင်းအမြစ်	အလားအလာ	အတားအစီး/စိန်ခေါ်မှု	ဖြေရှင်းနိုင်မည့်နည်းလမ်း	စီမံကိန်း
မွေးမြူရေး ဝက် • **(ရွာ၏ ဓလေ့အရ)** ရွာအတွင်း၌ ဝက်မွေးမြူခြင်း အလေ့အကျင့်မရှိ။ **နွား** • ရာသီအလိုက် တိရစ္ဆာန်ရောဂါကျခြင်း။ **ကြွေ** • ရာသီအလိုက် တိရစ္ဆာန်ရောဂါကျခြင်း။	• တိရိစ္ဆာန်များကို စနစ်တကျထိန်းသိမ်းခြင်းမျိုး အတွေ့အကြုံမရှိခြင်း။ • တိမ်းကုဉီးစီးဌာနနှင့်ချိတ်ဆက်မှုမရှိ ခြင်း။ • မွေးမြူရေးအတွက်လုံလောက်သောချေးငွေလက်လှမ်းမှီမှုမရရှိခြင်း	• မွေးမြူရေးခြံဆောက်လုပ်ရန် နေရာအလုံအလောက်ရှိခြင်း။ • မိုးရွာသွန်းမှုအသင့်အတင့်ဖြင့်ကောင်းမွန်သောရာသီဥတုရှိခြင်း။	• မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သောအစုအဖွဲ့ဖွဲ့စည်းမထားရှိခြင်း။ • ရာသီအလိုက်တိရစ္ဆာန်ရောဂါများဖြစ်ပွားလေ့ရှိခြင်း။ • နည်းပညာအကူအညီလိုအပ်ခြင်း။ • ကနဉီးရင်းနှီးမြုပ်နှံမှုမြင့်မားခြင်း။	• ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းကိုစုပေါင်းလုပ်ဆောင်နိုင်ရန်မွေးမြူသူများအသင်းအဖွဲ့ဖွဲ့စည်းခြင်း။ • စုပေါင်းရောင်းချသည့်အလေ့အကျင့်များလုပ်ဆောင်ခြင်း • ထုတ်လုပ်ခြင်းရောင်းချခြင်းတို့အတွက် စုပေါင်းလုပ်ဆောင်ခြင်းများပြုလုပ်ခြင်း။	• မွေးမြူရေးလုပ်ကိုင်သူများအသင်းအဖွဲ့ဖွဲ့စည်းခြင်း။ • ရောဂါကာကွယ်ရေးအတွက်နည်းပညာပေးသင်တန်းပေးခြင်း။ • အခါအားလျော်စွာကာကွယ်ဆေးထိုးခြင်းများလုပ်ဆောင်ခြင်း။

ပြဿနာ	ပြဿနာအရင်းအမြစ်	အလားအလာ	အတားအစီး/စိန်ခေါ်မှု	ဖြေရှင်းနိုင်မည့်နည်းလမ်း	စီမံကိန်း
လယ်ယာမဟုတ်သောလုပ်ငန်းများ • သီးနှံနှင့်ပတ်သက်၍ကုန်ချောအဆင့်တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းမျိုးမရှိခြင်း။	• ဈေးကွက်အတွင်းဝင်ဆံ့နိုင်ရန်ရင်းနှီးမြှုပ်နှံမှုများစွာလိုအပ်ခြင်း။ • ဈေးကွက်ထိုးဖောက်ခြင်းတွင်ကျွမ်းကျင်မှုမရှိခြင်း • မိသားစုအနည်းငယ်သာလုပ်နေသည့်လက်ရှိအသေးစားလုပ်ငန်းလေးများမှတစ်ပါးအခြားလုပ်ငန်းများအတွက်စီးပွားရေးအသိအမြင်နှင့်ကျွမ်းကျင်မှုအားနည်းခြင်း။ • စိုက်ပျိုးရေးထွက်ကုန်အခြေပြုကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးမှုမရှိခြင်း။	• သစ်သီးပင်များနှင့်ဝါးပင်များစိုက်ပျိုးရန်အတွက်ရာသီဥတုကောင်းမွန်ပြီး၍သစ်သီးအမျိုးအစားပေါင်းများစွာစိုက်ပျိုးနိုင်ခြင်း။ • ကုန်ချောများထွက်ရှိပါကရောင်းဝယ်ဖောက်ကားနိုင်ရန်နိုင်ငံအတွင်းမြို့များအားလုံးနှင့်တရုတ်နိုင်ငံ၊ထိုင်းနိုင်ငံတို့နှင့်သွားလာနိုင်သောလမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း ❖ လယ်ယာထွက်ကုန်များမှသစ်သီးအခြောက်ခံမှုများပြုလုပ်နိုင်ခြင်း။	• တခြားသောကုန်သွယ်မှုလုပ်ငန်းများတွင်အတွေ့အကြုံမရှိခြင်း။ ❖ လုပ်ငန်းသစ်များလုပ်ကိုင်ဆောင်ရွက်ရန်အတွက်စွန့်ဦးတီထွင်လိုစိတ်နည်းပါးခြင်း။	• လုပ်ငန်းသစ်များလုပ်ရန်အတွက်အကြံဉာဏ်များပေးခြင်း။ • လုပ်ငန်းသစ်လုပ်ကိုင်ရန်စိတ်ပါဝင်စားသူများကိုအသေးစားလုပ်ငန်းများနှင့်သက်ဆိုင်သောစီမံလုပ်ကိုင်မှုသင်တန်းများပေးခြင်း။ • တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရာတွင်စက်မှုလုပ်ငန်းများထူထောင်ခြင်းမှတဆင့်ပုဂ္ဂလိကကုမ္ပဏီများကိုဖိတ်ခေါ်ခြင်း။	• အစားအသောက်ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက်နည်းပညာပိုင်းများသင်တန်းပေးခြင်း။ • အသေးစားအလတ်စားလုပ်ငန်းများကိုသစ်သီးများတန်ဖိုးမြှင့်ထုတ်လုပ်ရန်တွန်းအားပေးခြင်း။ ❖ စက်မှုလုပ်ငန်းများတွင်ပုဂ္ဂလိကနှင့် ဖက်စပ်စီးပွားလုပ်ငန်းများတည်ထောင်ခြင်း။

ကိုးကားစာရင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ လွိုင်လင်မြို့နယ်၊ နောင်လိုင်ကျေးရွာတွင် ၂၀၁၅ သြဂုတ်လတွင် ကျင်းပခဲ့သော ကျေးရွာအခြေ အနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ် -
စီမံချက်အမည် -
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• …….(ငွေသား) • ……..(ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ဌား)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ